# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၆)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ နတ်ရေကန်တောင် လက်ဖက်စိုက်ခင်း စီမံကိန်းသို့ရောက်ရှိပြီး လက်ဖက်စိုက်ခင်း၊ မျိုးစေ့နှင့်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပွင့်ဖြူမြို့နယ် ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**မိုးတစ်ကြိမ် နှစ်ကြိမ်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ရပ်စောက်မြို့နယ်ထွက် စိန်တလုံးသရက်

သတင်းခရီးသည် ဝင်းကျော်

ဓာတ်ပုံမှတ်တမ်း တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု မာမာစိုး (မြန်မာ့အလင်း)

**ရပ်စောက် မေ ၂၈ (ဖက်စ်)**

ရပ်စောက်မြို့....။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မြို့ကလေးတစ်မြို့။

ညောင်ရွှေမြို့၌ သတင်းရယူပြီး တစ်ညတာ အိပ်စက်ခဲ့ရာမှ ရပ်စောက်မြို့သို့ သွားရန်အတွက် မေ ၁၃ ရက် နံနက်တွင် ရွှေညောင်-ရပ်စောက်လမ်းခွဲမှ ခရီးသည်တင်ဟိုင်းလပ်စ်ကားကိုစီး၍ သတင်းခရီး ထွက်ခဲ့ကြပြန်သည်။ ခရီးသည်များက ကားနှင့်အပြည့်မို့ သတင်းအဖွဲ့မှာလည်း ကားအတွင်း ဖြစ်သလိုလိုက်ပါစီးနင်းခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃* *

ရပ်စောက်မြို့နယ် ရတနာပုံအနောက်ကျေးရွာမှ အုံ့ဆိုင်း ဝေဆာနေသော စိန်တလုံးသရက်သီးများကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၉ ရက်)

# စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း နိုင်ငံတစ်ဝန်း စက်မှုနယ်မြေများ တိုးချဲ့ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ဥပဒေသကို အစဉ်လိုက်နာအကောင်အထည်ဖော်လျက်ရှိပြီး မည်သို့သော အခက်အခဲအကျပ်အတည်းနှင့်ကြုံတွေ့စေကာမူ ယင်းဥပဒေသကို အစဉ်စွဲကိုင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဆောင်ရွက်မှုတန်ဖိုး(ဂျီဒီပီ)၌ စက်မှုကဏ္ဍ၏ပါဝင်မှုရာခိုင်နှုန်းသည် ၂၀ခန့်သာရှိသဖြင့် စက်မှုကဏ္ဍပါဝင်မှုကို မြှင့်တင်လျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရန်ဆောင်ရွက်ပြီး စက်မှုနိုင်ငံအဖြစ် ကူးပြောင်းထူထောင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း စက်မှုနယ်မြေများ၊ စက်မှုဇုန်များသတ်မှတ်၍ စက်မှုလုပ်ငန်းကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ သာဂရစက်မှုနယ်မြေရှိ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ တိုးချဲ့စီမံကိန်းအဖြစ် စွမ်းအားမြင့်မားသော အကြီးစားဒီဇယ်အင်ဂျင်များ ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် သတ္တုတူးဖော်ရေးကဏ္ဍများအတွက် မြင်းကောင်ရေ(၂၂၀၀-၂၇၀၀)နှင့် မြင်းကောင်ရေ (၆၂၀၀-၇၀၀၀)ရှိ အကြီးစား ဒီဇယ်အင်ဂျင်များ ထုတ်လုပ်သွားမည်ဖြစ်သည်။

ဘွိုင်လာထုတ်လုပ်မှု စက်ရုံစီမံကိန်းကို သာဂရစက်မှုနယ်မြေတွင် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ အဆိုပါ စက်ရုံပြီးစီးပါက စက်မှုလုပ်ငန်းများအတွက် ၀ ဒသမ ၅တန်မှ ၂ ဒသမ ၅တန်အထိ ဘွိုင်လာများကို တစ်နှစ်လျှင်အလုံး ၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

စက်မှုသုံး အဆင့်မြင့်ကိရိယာ အလုပ်ရုံစီမံကိန်းကို ပန်းတောင်းစက်မှုနယ်မြေရှိ အမှတ်(၁) စက်နှင့် စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံတွင် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

မော်တော်ယာဉ်သုံးပစ္စည်းထုတ်လုပ်မှု အလုပ်ရုံစီမံကိန်းကို မကွေးတိုင်း မကွေးစက်မှုနယ်မြေတွင် တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ယာဉ်အစီး ၅၀၀၀အတွက်လိုအပ်မည့် မော်တော်ယာဉ်အစိတ်အပိုင်းမျိုးစုံကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း စက်မှုနယ်မြေများတည်ထောင်၍ စီမံကိန်းများချမှတ်အကောင်အထည်ဖော်လျက်ရှိရာ၌ စက်မှုနိုင်ငံအဖြစ်ရောက်ရှိရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၉
(သောကြာနေ့)
နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + အာဋ္ဌာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **လှုပ်တာထဲမှာ မလှုပ်တာရှာ** တရားတော်(ပထမပိုင်း) (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၆:၄၅ အုံ့ဖွယ်ထင်ရှား ကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၅)
- ၈:၃၀ Movie Talk(ဦးမြင့်စိုး၊ ဒါရိုက်တာ ဦးကြည်စိုးထွန်းတို့နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၉:၀၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၉:၁၀ ဖွံ့ဖြိုးဝေစည်ရေတာရှည်
- ၉:၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
- ၉:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉:၄၀ Activities In The City (Myanmar ICT Exhibition 2009)
- ၁၀:၀၀ Science Tech Today
- ၁၀:၁၅ VJ Choice
- ၁၀:၄၀ ပန်းချီပြခန်း (ပန်းမြို့တော်ပန်းချီပြပွဲ)
- ၁၀:၅၅ ဖက်ရှင်လမ်းညွှန် (အကယ်ဒမီ နွဲ့နွဲ့မူ၏ တစ်ခါတုန်းက ဖက်ရှင်)
- ၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဇေလုဝနှင့် တွေ့ဆုံခြင်း)
- ၁၁:၅၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာကျော်နန္ဒအောင်နှင့် တွေ့ဆုံခြင်း)
- ၁၂:၂၅ စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
- ၁၂:၃၅ ဖွားချီ (စံရှားတင်၊ ဝါးခယ်မရဲမောင်) ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)
- ၁:၀၀ **လှုပ်တာထဲမှာ မလှုပ်တာရှာ** တရားတော်(ပထမပိုင်း) (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၁:၄၅ အုံ့ဖွယ်ထင်ရှား ကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Worlds of Knowledge (Cheetah Blood Brothers)
- ၃:၃၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုကပွဲ)
- ၃:၅၅ ရ,ရထားကြီးပျော်ပျော်စီး
- ၄:၁၀ တေးဂီတအစီအစဉ်
- ၄:၂၅ ဖွားချီ (စံရှားတင်၊ ဝါးခယ်မရဲမောင်) ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)
- ၄:၄၅ စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
- ၄:၅၅ Science Tech Today
- ၅:၀၅ Movie Talk (ဦးမြင့်စိုး၊ ဒါရိုက်တာ ဦးကြည်စိုးထွန်းတို့နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၅:၃၀ Sports World (Tennis)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ ဖက်ရှင်လမ်းညွှန် (အကယ်ဒမီ နွဲ့နွဲ့မူ၏ တစ်ခါတုန်းက ဖက်ရှင်)
- ၆:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဇေလုဝနှင့် တွေ့ဆုံခြင်း)
- ၇:၁၅ Worlds of Knowledge (Cheetah Blood Brothers)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ ရ,ရထားကြီးပျော်ပျော်စီး
- ၈:၃၀ VJ Choice
- ၉:၀၀ Sports World(Tennis)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၅)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ ပန်းချီပြခန်း (ပန်းမြို့တော်ပန်းချီပြပွဲ)
- ၁၂:၁၅ ရွှေဖြူဟုခေါ်သည် (အပိုင်း-၂)
- ၁၂:၄၀ မြန်မာစာ၊ မြန်မာစကား
- ၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၀၉
(သောကြာနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ရှင်သန်နေသောသီချင်းများ (Living Songs)
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၇)

## ရေကြည်၊ ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဆောင်ရွက်

နေပြည်တော် မေ ၂၈

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် မေ ၂၄ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ရေကြည်မြို့ မြို့နယ်ခန်းမ၌ကျင်းပသော ရေကြည်ဆန်စပါး ရောင်းဝယ်ရေးကုမ္ပဏီနှင့် ကုန်သည်၊ တောင်သူများတွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားကြသည်။

### ကြည့်ရှုအားပေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မေ ၂၅ရက် နံနက်ပိုင်းက ပုသိမ်မြို့ ဘုရားကြီးကုန်းကျေးရွာရှိ ဧရာပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သည့် ဆင်းသွယ်လတ် စပါးမျိုးဧက ၁၀၀ မျိုးစေ့ထုတ်ဖုန် အခြေအနေများကို ကြည့်ရှုအားပေးပြီး တောင်သူလယ်သမားများအား ပံ့ပိုးငွေနှင့် ပစ္စည်းများ ဖြန့်ဖြူးပေးနေမှုအခြေအနေကို ကြည့်ရှုအားပေးကြသည်။

### တွေ့ဆုံ

ဆက်လက်၍ ပုသိမ်မြို့ ရေရှေ့ဝါခန်းမ၌ကျင်းပသော ဧရာပုသိမ်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီ၊ ဧရာဒီပါ ပုသိမ်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီတို့နှင့် ကုန်သည်၊ တောင်သူများတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် ကန်ကြီးထောင့်မြို့ ဧရာသီရိသုခခန်းမ၌ ကျင်းပသော ကန်ကြီးထောင့်မြို့နယ်ရွှေကံသားကုမ္ပဏီနှင့် ကုန်သည်၊ တောင်သူများတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်၌ကျင်းပ

ရန်ကုန် မေ ၂၈

**ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက် နံနက်က အထက(၁)ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် မြို့နယ်ပညာရေးမှူးဒေါ်ခိုင်ရွှေညွှန့်တို့က အသီးသီး အမှာစကား ပြောကြားကြသည်။**

### ပေးအပ်

ပညာရေးဌာနက လှူဒါန်းသော တန်ဖိုးငွေကျပ် ၂၃၀၀၀၀တန်ဖိုးရှိ သူငယ်တန်း ကျောင်းသုံးပုံနှိပ်စာအုပ်အစုံ ၁၀၀၀ ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွှန့်က လက်ခံယူသည်။ **(ယာပုံ)**

### ခွဲဝေ

ဆက်လက်၍ မြို့နယ်ပညာရေးအတွက် အလှူရှင် ၁၅ဦးက လှူဒါန်းသော ငွေကျပ် ၁၁သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွှန့်သို့ လွှဲပြောင်းပေးအပ်သည်။ မြို့နယ်ပညာရေးမှူးရုံးမှ ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၃၅ဒါဇင်ကို အရှေ့ခြမ်း၊ အလယ်ခြမ်း၊ အနောက်ခြမ်း ကျောင်းတာဝန်ခံများသို့ တာဝန်ရှိသူအသီးသီးက ခွဲဝေပေးအပ်လှူဒါန်းလိုက်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း အထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း ၂၂ကျောင်းရှိသည်။ (၁၂၃)

## ခင်ဦး ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေး

ရွှေဘို မေ ၂၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မေ ၁၃ရက် နံနက် ၁၀ နာရီက ဝန်ထမ်းများ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရာ ဓာတ်ပုံ(၂)ဦးစိုးဝေအောင်၊ စာထောက်-၃ ဒေါ်နွယ်နီမြင့်တို့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှစ်ပတ်လည်အခမ်းအနားမှ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏မိန့်ခွန်းကို ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ဆန်းက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(မြို့နယ်ပြန်/ဆက်)**

## အမှာစကားပြောကြား

မေ ၂၇ ရက်က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေး(၉/၂၀၀၉)တွင် အမှာစကားပြောကြားစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ငဖဲမြို့နယ် မင်းဘူး-အမ်း-တပ်တောင်လမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူးက မင်းဘူး-အမ်း-တပ်တောင်လမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နတ်ရေကန် စင်ကိုနာခြံ၌ လက်ဖက်ပင်များ ပျိုးထောင်ထားမှု၊ နတ်ရေကန်ကော်ဖီခြံရှိ ကော်ဖီစံပြစိုက်ကွက်၊ လက်ဖက်စိုက်ကွက်နှင့် လက်ဖက်ခူးဆွတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ငဖဲမြို့နယ်ရှိ ပဒါန်း တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့ များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ငဖဲမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

### ထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပဒါန်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်နေကြသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးပဒေသာပင်အလှူငွေနှင့် ဆေးဝါးများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

### ဖြတ်သန်းကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက မဲဇလီရေလွှဲဆည်မှ စလင်း၊ ပွင့်ဖြူနှင့် မင်းဘူးမြို့နယ်များရှိ စိုက်ပျိုးမြေများသို့ ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်၍ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု လယ်မ ကျေးရွာအနီးရှိ ကန်ချောင်းတမံပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းဖောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးက ဥသျှစ်ပင်-မင်းတုန်း-ပဒါန်း-ကဇွန်းမ အပိုင်းတွင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စလင်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် တိုင်းဥက္ကဋ္ဌတို့က ဆေးရုံတက်ရောက်နေကြသော လူနာများအား အားပေးစကားပြောကြားကြပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

### ထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဆေးရုံအတွက်လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်း တရားသူကြီးများ အတွေ့အကြုံ ရှင်းလင်း

**ရန်ကုန် မေ ၂၈**

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများရှင်းလင်းပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

### တက်ရောက်

ရှင်းလင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းတရားရုံးမှ တိုင်းတရားသူကြီးနှင့် တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင် လေးခရိုင်မှ ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင် တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်း တရားသူကြီးဦးမြင့်အောင်က နေပြည်တော်တွင် ကျင်းပခဲ့သည့် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စများကို ထပ်ဆင့်မှာကြားခဲ့သည်။ **(ရန်ကုန်တရားရုံး)**



ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Yaron Mayer ၊ အစ္စရေးနိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr. Zion Shemer နှင့် Mr.Yaacov Moskovitch တို့ လာရောက်တွေ့ဆုံ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်သို့ လာရောက်တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Yaron Mayer သည် အစ္စရေးနိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr.Zion Shemer နှင့် Mr.Yaacov Moskovitch တို့နှင့်အတူ မေ ၂၂ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို အကျယ်တဝင့် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ လှိုင်သာယာ၌ ကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ၁/၂၀၀၉ ဆင်းပွဲအခမ်းအနားကို မေ ၂၇ ရက် ညနေ ၃ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးသင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက် အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြူကြူက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစန်းအေးက သင်တန်းသားများအား ပေးအပ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ဆက်လက်၍ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ သင်တန်းနည်းပြများအား သင်တန်းသားများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# ဆိုမာလီယာသမ္မတနန်းတော် သူပုန်တို့ လက်နက်ကြီးများဖြင့်ပစ်ခတ်

**မိုဂါဒစ်ရှူး မေ ၂၈**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ သမ္မတနန်းတော်ကို သူပုန်များက လက်နက်ကြီးများဖြင့် ပစ်ခတ်သော်လည်း ပစ်မှတ်လွဲချော်ကာ ၁၀ဦးထိမှန်သေဆုံးသွားသည့်အပြင် လေးဦးဒဏ်ရာရရှိသွားသည်ဟု တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဦးထုပ်အလှပြိုင်ပွဲတွင် ဖက်ရှင်မယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေဟန်ကို မေ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

**ချိန်ရွယ်ပစ်ခတ်**

သူပုန်တို့က သမ္မတနန်းတော်ကို လက်နက်ကြီးများဖြင့် ချိန်ရွယ်ပစ်ခတ်သော်လည်း သမ္မတနန်းတော် အနောက်ဘက်ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို ထိမှန်သွားသည်ဟု ဆိုသည်။

**ဖြန့်ကြက်**

အစိုးရတပ်များသည် မြို့တော် တောင်ပိုင်းတွင် မေ၂၆ရက်က ဖြန့်ကြက်တိုက်ပွဲဝင်လျက်ရှိသည်ဟု သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ ပင်လယ်ဆိပ်ကမ်း၌ သင်္ဘောပေါ်သို့ မော်တော်ကားများ တင်ဆောင်နေမှုကို မေ ၂၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# အီရတ်တွင်ပုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၈**

အမေရိကန်တပ်ဖွဲ့ ကင်းလှည့်ယာဉ်သည် ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်းတွင် ကင်းလှည့်လုပ်ငန်း ဆောင်ရွက်စဉ် လမ်းဘေးပုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

စစ်ဘက်က ထုတ်ပြန်သည့်ကြေညာချက်တွင် အသေးစိတ်အချက်အလက်များ ဖော်ပြခြင်းမရှိပေ။ သို့ရာတွင် ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့များ အီရတ်ရှိမြို့ကြီးများ နှင့် မြို့တော်များမှ မရုပ်သိမ်းမီ တစ်လနီးပါးအတွင်း ဖော်ပြပါဖြစ်ရပ်ပေါ်ပေါက်ခြင်းဖြစ်သည်။

**ဖော်ပြ**

ဖော်ပြပါတပ်ဖွဲ့ဝင်သေဆုံးသဖြင့် အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် နောက်ပိုင်း အီရတ်တွင် သေဆုံး ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၃၀၃ ဦးရှိပြီဖြစ်သည်ဟု အမေရိကန်စစ်ဌာနချုပ်၏ စာရင်းဇယား များကို မီဒီယာသတင်းဌာနအခြေပြု၍ ဖော်ပြခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဂျပန်ရောက်အမေရိကန်သားနှစ်ဦး A(H1N1)တုပ်ကွေးရောဂါဖြစ်

တိုကျို မေ ၂၈

**စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် လော့စ်အိန်ဂျလိစ်မှ တိုကျိုမြို့သို့ ဆိုက်ရောက်လာသူ အမေရိကန်နိုင်ငံသား သားအဖနှစ်ဦးမှာ A(H1N1)တုပ်ကွေးရောဂါဖြစ်နေကြောင်း မေ ၂၇ရက်က အတည်ပြုကြေညာသည်။**

**တင်ပို့**

**အသက်၃၀ကျော် အမေရိကန်နိုင်ငံသားနှင့် အသက်၁၀နှစ်အောက် သားဖြစ်သူတို့သည် စင်ကာပူခရီးသည်တင်လေယာဉ်ဖြင့် တိုကျိုမြို့အနီး နာရီတာနိုင်ငံတကာလေဆိပ်သို့ မေ၂၅ရက်မွန်းလွဲပိုင်းက ရောက်ရှိပြီးနောက် အနီးရှိဆေးရုံသို့ တင်ပို့ခဲ့သည်။**

**၎င်းတို့နှစ်ဦးနှင့်ဆိုလျှင် ဂျပန်နိုင်ငံ စီရင်စုရှစ်ခုအတွင်း မေ ၂၆ရက် ညနေအထိ A(H1N1)တုပ်ကွေးရောဂါဖြစ်သူပေါင်း ၃၅၂ဦးရှိသွားပြီဖြစ်သည်။**

အမ်အင်န်အေ၊ဆင်ဟွာ

# တရုတ်-တောင်ကိုရီးယားနှစ်နိုင်ငံ လေကြောင်းလိုင်းသစ် ဖွင့်လှစ်

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှန်စီပြည်နယ်နှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ကိုရီးယားလေကြောင်းလိုင်းသစ်ကို မေ ၂၇ရက်တွင် ဖွင့်လှစ်ကြောင်း တရုတ်လေကြောင်း ခရီးသွားလုပ်ငန်း စီမံအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

**ပျံသန်းမည်**

၎င်းလေကြောင်းလိုင်းသည် ဆိုးလ်မြို့ရှိ အင်ချုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်စီပြည်နယ်ရှိ ဆင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တစ်ပတ်လျှင် ခရီးစဉ်ငါးကြိမ် ပျံသန်းမည်ဖြစ်သည်။ **(အင်တာနက်)**

# အာဖဂန်၌ တာလီဘန်တို့အား လေကြောင်းမှ တိုက်ခိုက်

**ကဘူးလ် မေ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီကာပြည်နယ်၌ တာလီဘန်လက်နက်ကိုင်များ ခိုအောင်းရာ ဝယ်လ်မာမာဒေသတွင် မေ ၂၇ရက် ညပိုင်းက အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်ရာ တာလီဘန် လက်နက်ကိုင်၃၅ဦး သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးရုံးက ပြောကြားသည်။

ယင်းနေ့၌ပင် အာဖဂန်အရှေ့ပိုင်း ကူနာပြည်နယ်၌ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ရာ လေကြောင်းမှ တိုက်ခိုက် ခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြား သည်။

ယခုနှစ်အတွင်း အာဖဂန်တပ်ဖွဲ့နှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ် ဖွဲ့များ ပူးပေါင်းကာ တာလီဘန်လက်နက် ကိုင်များအား စစ်ဆင်ရေး ပြုလုပ်လျက်ရှိ သည်။ **(အင်တာနက်)**

# နယူးယောက်တွင် A(H1N1)တုပ်ကွေးရောဂါကြောင့် နှစ်ဦးသေဆုံး

**နယူးယောက် မေ ၂၈**

နယူးယောက်တွင် A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် နှစ်ဦး သေဆုံးကြောင်း ယင်းမြို့၏ ကျန်းမာရေးဌာနက မေ၂၆ရက်တွင် အတည်ပြုပြောကြား သည်။ သို့ရာတွင် သေဆုံးသူများမှာ တုပ်ကွေးရောဂါဖြင့် ဆက်နွယ်မှုရှိမရှိ သို့တည်း မဟုတ် ယခင်ကရှိနေသည့် ကျန်းမာရေးအခြေအနေများကြောင့်ဟုတ်မဟုတ် သဲသဲကွဲကွဲ မသိရသေးပေ။

**ပြောကြား**

ကွင်းတာရီဒေသမှ အသက်၄၁နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် ဘရွတ်ကလင်းဘာရိ ဒေသမှ အသက်၃၄နှစ်ရှိ အမျိုးသားတစ်ဦးတို့တွင် ယခင်က ကျန်းမာရေးအခြေအနေ များရှိခဲ့သည်ဟု ကျန်းမာရေးမင်းကြီး သောမတ်ဖရီဒင်က ပြောကြားသည်။

**တက်ရောက်ကုသ**

၎င်းတို့သည် တုပ်ကွေးရောဂါကြောင့် သေဆုံးသည်ဟုတ်မဟုတ် အလောင်းအား ခွဲစိတ်ကြည့်ရှုရန်လိုအပ်သည်ဟု ဖရီဒင်က ပြောကြားသည်။

နယူးယောက်တွင် A(H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီးသည့်နောက် ယင်းရောဂါဖြစ်ပွားမှုကြောင့် လူပေါင်း ၁၃၀ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုံပြည်နယ် ကင်ဒါအိုမြို့၌ ကျင်းပသည့် ပင်လယ်လိပ်ပြပွဲတွင် ပြသထားသော ပင်လယ်လိပ်ကြီးအား ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုနေသည်ကို မေ ၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်တွင် ပုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် မေ ၂၈

**အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်မြို့မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ကာပီဆာပြည်နယ်တွင် မေ ၂၇ရက်က ပုံးဖောက်ခွဲခံရသဖြင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီပေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားလူများ ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။**

ကာပီဆာပြည်နယ် မိုဟန်မူဒရာကီဒေသတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီက ပုံးပေါက်ကွဲသည်ဟု အပေါင်းပါတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ဖော်ပြထား**

အာဖဂန်နစ္စတန် အရှေ့ပိုင်းဒေသတွင် အိမ်လုပ်ပုံးပေါက်ကွဲပြီးနောက် အိုင်ဆက်ဖ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသည်ဟု အပေါင်းပါတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်အနောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် မေ ၂၈ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦး သေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း အဘူဂါရိတ်ခရိုင်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် လာမည့် ဇွန်လ၌ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး ဒေသများမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စီစဉ်ထားသည်။ သို့သော် ယခုရက်ပိုင်း အတွင်း ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသများ၌ ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပွား လာလျက်ရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၆ရက်က တွေ့ရစဉ်။ **(ယင်းဖြစ်ရပ်ကြောင့် ၄၁ဦးသေဆုံးပြီး ၇၆ဦး ဒဏ်ရာရသည်။)** (အင်တာနက်ဓာတ်ပုံ)

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက်ညီလာခံ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်

## ကျန်းမာရေးအပေါ် လူမှုစီးပွားရေး၏ အကျိုးသက်ရောက်မှု သဘောထားများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့

**နေပြည်တော် မေ ၂၈**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ညီလာခံသို့တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အကြိုညှိနှိုင်းအစည်းအဝေး (SEARO)သို့ တက်ရောက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ညီလာခံသို့ အရှေ့တောင်အာရှဒေသနိုင်ငံများမှ စုပေါင်းတင်သွင်းမည့် A(H1N1) ကာကွယ်ရေး၊ ကုသရေးနှင့် ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းအခြေအနေများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစနစ်မြှင့်တင်ခြင်း၊ ကျန်းမာရေးအပေါ် လူမှုစီးပွားရေး၏ အကျိုးသက်ရောက်မှု သဘောထားများအပေါ် ဆွေးနွေးညှိနှိုင်းသည်။

### တက်ရောက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက်ညီလာခံဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

### ဆောင်ရွက်မှုများ

ညီလာခံဒုတိယနေ့အစီအစဉ်ကို မေ ၁၉ရက်က ဆက်လက်ကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တင်ပြခဲ့သည်။

မြန်မာနိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် မျက်စိကွယ်မှုကို လျော့နည်းသွားအောင် ဆောင်ရွက်ရန်ဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏မူနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိမှုများကိုလည်း တင်ပြခဲ့သည်။

### ရှင်းလင်းပြောကြား

ကျန်းမာရေးဝန်ကြီးသည် မွန်းလွဲ ၂ နာရီက တီဘီရောဂါအတွက် ဆေးများထောက်ပံ့ပေးနေသော Global Drug Facility (GDF) အဖွဲ့နှင့် Stop TB Partnership မှ Executive Secretary Dr. Marcos Antonio Espinal နှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးပြီး GDF က မြန်မာနိုင်ငံသို့ TB ဆေးဝါးများ ၂၀၀၃-၂၀၀၅ တွင် သုံးနှစ်စာ၊ ၂၀၀၆-၂၀၀၈ တွင် သုံးနှစ်စာ ထောက်ပံ့ပေးခဲ့၍ ကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံအစိုးရ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

### သဘောတူညီ

GDF အဖွဲ့ဘက်က ပြန်လည်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအပေါ် ကျေနပ်မှုရှိသဖြင့် ထပ်မံ၍ ၂၀၀၉ ခုနှစ်အတွက်လည်း TB ဆေးဝါးများအတွက် အမေရိကန်ဒေါ်လာနှစ်သန်း ထောက်ပံ့ပေးရန် သဘောတူညီမှုရရှိခဲ့သည်။

မေ ၁၉ ရက်က ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသော ဝက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့ တက်ရောက်ဆွေးနွေးပွဲတွင် အမှုဆောင်အရာရှိ ဦးတိုးကြည်က စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ ဝက်၊ ကြက်၊ ဆိတ်၊ အမဲရောင်းချသူနှင့် မွေးမြူသူများ တက်ရောက်စဉ်။ (မြို့နယ်စည်ပင်)

### တွေ့ဆုံ

ဝန်ကြီးသည် မေ ၂၀ရက်က UNAIDS မှ ညွှန်ကြားရေးမှူး Paul De Lay ၊ သတိမမူမိသော အပူပိုင်းဒေသဆိုင်ရာရောဂါများ (Neglected Tropical Diseases) နှင့် ပတ်သက်၍ စီမံချက်မန်နေဂျာ Dr. Denis Paul Jacques Daumerie ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. A.F.M. Ruhal Haque တို့နှင့် တွေ့ဆုံခဲ့သည်။

ဝန်ကြီးသည် မွန်းလွဲ ၁ နာရီက ဘက်မလိုက်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

### ထောက်ပံ့

ညနေ ၃ နာရီခွဲက Global Alliance for Vaccines & Immunization (GAVI) မှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ရာ ဝန်ကြီးက မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ GAVI မှ တာဝန်ရှိသူများက စီမံကိန်း(၅)နှစ်ကာလအတွက် အမေရိကန်ဒေါ်လာ ၃၆သန်း ခွင့်ပြုခဲ့ပြီး GAVI မှ ပေးရန်ရှိသည့် ရန်ပုံငွေကို မကြာမီက ရန်ပုံငွေထောက်ပံ့မှုကို ပြင်ဆင်ပြီး Swiss Foundation အစီအစဉ်ဖြင့် မကြာမီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

မေ ၂၁ရက်တွင် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee နှင့် တွေ့ဆုံခဲ့သည်။

### ပြန်လည်ဆွေးနွေး

မွန်းလွဲ ၂နာရီခွဲတွင် Nippon Foundation မှ Mr. Sasakawa နှင့် တွေ့ဆုံခဲ့ရာ ကျန်းမာရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းဝေးရေး ဆောင်ရွက်ရာ၌ ကူညီပံ့ပိုးမှုများပေးခဲ့သော Nippon Foundation ကို ကျေးဇူးတင်ပါကြောင်း၊ Nippon Foundation အထောက်အပံ့ဖြင့် တိုင်းရင်းဆေးပုံးများကို ကျေးရွာများအထိ ဖြန့်ဖြူးနိုင်ခဲ့ကြောင်း ဆွေးနွေးပြီး Mr. Sasakawa က အနာကြီးရောဂါလူနာများတွင် ကိုယ်အင်္ဂါ မသန်စွမ်းမှုများ၊ လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထောက်ပံ့သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပုံးများ ကျေးရွာအရောက် ဖြန့်ဖြူးခဲ့မှုကို မိမိကိုယ်တိုင်ကွင်းဆင်းကြုံတွေ့ခဲ့ရပြီး ကမ္ဘာ့စံနမူနာအဖြစ်ထားကာ အခြားနိုင်ငံများတွင်လည်း အလားတူ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

### ရန်ပုံငွေလျှောက်ထားမှု

ဝန်ကြီးသည် မေ ၂၂ ရက် နံနက် ၁၁ နာရီတွင် The Global Fund အဖွဲ့မှ Executive Director Prof. Michel Kazatchkine နှင့် တွေ့ဆုံ၍ ရောဂါကြီးသုံးမျိုးအတွက် ကမ္ဘာ့ရန်ပုံငွေလျှောက်ထားမှု၊ ၄င်းရန်ပုံငွေလျှောက်ထားရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် အစည်းအဝေးများ ကျင်းပခဲ့မှုများကို ရှင်းပြခဲ့သည်။

### ကူညီမည်

Prof. Michel Kazatchkine က Global Fund နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရန်ပုံငွေလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာတင်ပြသည့်ကိစ္စရပ်များအပေါ် ဦးစားပေး ဆောင်ရွက်ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ညီလာခံတက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၂)ကြိမ်မြောက် ညီလာခံသို့ တက်ရောက်စဉ်။ (ကျန်းမာရေး)

## နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၃၀-၅-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၁၅ တရားတော်(မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (ပညာ)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် (အလွမ်းရက်ရှည်နွေ)
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ဉာဏ်စမ်းပဟေဠိ) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ကံ့ကော်တွေ ဝေလေတိုင်း)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ခေတ်အမြင် ခေတ်အတွေးရှိသည့် စာဆိုရှင်) ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (ဆေးလိပ်ဖြတ်မယ်ဆိုရင်)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သူ့အကြိုက်သူ့အသွင်(ခင်ဘုဏ်း) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ ကျန်းမာရေးရာသီကောင်းစရာ (ကိုယ်ခန္ဓာမှ အနံ့ဆိုး) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ (၃၉) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

## မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

### ကမ္ဘာ့လူတုပ်ကွေးအသိပညာပေးပွဲ မိုးညှင်း၌ကျင်းပ

*မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် A(H1N1) ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို မေ ၁၇ရက် မွန်းလွဲ ၁ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက A(H1N1) ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း ပညာပေး ဟောပြောသည်။* (မြို့နယ် ပြန်/ဆက်)

### အထူးဈေးရောင်းပွဲ သုံးခွမြို့နယ်၌ကျင်းပ

*ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြို့နယ်အားကစားခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်းကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။* **(မြို့နယ် ပြန်/ဆက်)**

### မင်းပြား၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ဆွေးနွေး

***စစ်တွေခရိုင် မင်းပြားမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဆွေးနွေးပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းအောင်က မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြပြီး သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းများတင်ပြရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေလင်းထွန်းက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။*** (မြို့နယ် ပြန်/ဆက်)

### မြင်းမူ၌ ကျေးရွာသစ်တောစိုက်ခင်းအတွက် ပျိုးပင်ပေးအပ်

*မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ မြို့နယ်သစ်တောဦးစီးဌာနမှ ကျေးရွာရှစ်ရွာအား ယူကလစ်ပျိုးပင်များ ဖြန့်ဝေပေးခြင်းကို မေ ၂၁ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ တက်ရောက်လာသော ကျေးရွာဥက္ကဋ္ဌများအား မြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်စန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိတို့က ပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့သည်။* (ဝ၃၅)

### မြောင်မြို့၌ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဆွေးနွေး

***မြောင်မြို့နယ် ကျီကုန်းကျေးရွာ အမကကျောင်းခန်းမ၌ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ပြန်/ဆက် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တွေ့ဆုံပွဲကို မေ ၁ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းပြန်/ဆက် ဦးစီးမှူး ဦးတင်သန်းဝင်းက ကျေးရွာစာကြည့်တိုက်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး၊ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးတို့ကို ရှင်းလင်းပြောကြားသည်။*** (မြို့နယ် ပြန်/ဆက်)

### တနိုင်းမြို့၌ အခြေခံအပ်ချုပ်ပညာသင်တန်းဖွင့်

*တနိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံအပ်ချုပ်ပညာသင်တန်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်စိုးနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်သည်။* **(မြို့နယ် ပြန်/ဆက်)**

### တောင်ကြီး၌ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု သွေးလှူ

***(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၁၅၀တို့သည် မေ ၅ ရက် ညနေ ၄ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းကြသည်။*** (ခရိုင် ပြန်/ဆက်)

### ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများဆင်းပွဲ ကျင်းပ

*ရွှေဘိုမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၏ အမှတ်စဉ်(၃၈) ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ ဆင်းပွဲကို မေ ၁၀ရက် နံနက် ၉နာရီက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။* **(ခရိုင် ပြန်/ဆက်)**

### သာစည်၌ စားသောက်ကုန်များ ရောင်းချမှုစစ်ဆေး

***သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် ဒုတိယဦးစီးမှူး(အခွန်)ဒေါ်လှဲလှဲပွံ့တို့သည် မြို့နယ်အစားအစာနှင့် ဆေးဝါးကြီးကြပ်မှု ကွပ်ကဲရေးကော်မတီဝင်များနှင့်အတူ မေ ၁၄ ရက်က မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံဆိုင်များနှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ကုန်မျိုးစုံဆိုင်များ၌ အန္တရာယ်ဖြစ်စေသည့် စားသောက်ကုန်များ ရောင်းချမှုရှိ မရှိကို စစ်ဆေးကြသည်။*** (ဝ၉၄)

### ဖန်းမော်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

*ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရတနာဈေးနှင့် ဈေးပတ်လည်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို မေ ၁၀ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။* **(ခရိုင် ပြန်/ဆက်)**

# အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို နဝမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

**တရားခံ Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ အင်းလျားကန်ဘက် အိမ်နောက်ဖေးဘက်မှ ဝင်ရောက်ခဲ့ပုံကို ပြသစဉ်။**

(သတင်းစဉ်)

နေပြည်တော် မေ ၂၈

**အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ နဝမနေ့အဖြစ် နံနက် ၁၀နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉မှ တရားခံပြသက်သေ ဦးကြည်ဝင်းကို စစ်ဆေးသည်။**

## နှစ်ကြိမ်တိုင်ဝင်ရောက်ခဲ့

ဦးကြည်ဝင်းက မိမိသည် ၁၉၆၉ခုနှစ်တွင် ဘီအေဘွဲ့ရပြီး ၁၉၇၁ခုနှစ်တွင် အယ်လ်အယ်လ်ဘီဘွဲ့ရရှိခဲ့ကြောင်း၊ ၁၉၇၂ခုနှစ်မှစ၍ ချိန်ဘာဆင်းပြီး အထက်တန်းရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၆ခုနှစ်တွင် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၈-၉၉ခုနှစ်ခန့်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ) အရ တရားစွဲဆိုခံရပြီးနောက် တရားရုံးချုပ်ရှေ့နေလိုင်စင် သိမ်းဆည်းခြင်းခံရကြောင်း၊ သက်သေခံ (ခ-၀) ဆက်လက်တားဆီးမိန့်အပိုဒ်(ခ)တွင်ပါရှိသည့် "အခြားသို့ စာဖြင့်ဆက်သွယ်ခြင်းမပြုရ" ဆိုသောစကားရပ်ကို အခြားသို့မဆက်သွယ်ရဟူ၍ မိမိသဘောပေါက်ကြောင်း၊ အခြားက ဆက်သွယ်လာခြင်းနှင့် သက်ဆိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ မိမိပြောရခြင်းမှာ ၁၉၇၃ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေအခန်း (၂) ပုဒ်မ ၃(က)တွင် "ပြဋ္ဌာန်းချက်အရပ်ရပ်တွင် ပါဝင်သောစကားရပ်များသည် သာမန် နေ့စဉ်သုံး အနက်အဓိပ္ပာယ်အတိုင်း ဆောင်ရွက်ရမည်" ဟု ဖော်ပြထားသဖြင့် ပြောရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် သက်ဝင်ထင်ရှားမရှိတော့ဟု မိမိအနေဖြင့် ထွက်ဆို တင်ပြရခြင်းဖြစ်ကြောင်း၊ Mr.John William Yettaw သည် တားဆီးထားသည့်အိမ်သို့ နှစ်ကြိမ်တိုင်ဝင်ရောက်ခဲ့သဖြင့် လုံခြုံရေးကခွင့်ပြုလျှင်လည်း ၄င်းတို့ပါ ဥပဒေကိုချိုးဖောက်သည်ဟု ယူဆရကြောင်း၊ ယင်းကိစ္စကို အရေးမယူပါက တရားဝင်ဖြစ်သွားမည်၊ အပြစ်မရှိတော့ဟု ယူဆရမည်ဖြစ်ကြောင်း၊ အဝင်ခံသည့်အိမ်ရှင်အနေဖြင့်လည်း တရားဝင်ဖြစ်သွားမည်ဖြစ်ကြောင်းဖြင့် ထွက်ဆိုသည်။

ထို့နောက် Mr. John William Yettaw ၏ ရှေ့နေ ဦးခင်မောင်ဦးက တရားခံပြသက်သေ ဦးကြည်ဝင်းအား ပြန်လှန်စစ်မေးရာတွင် Mr.John William Yettaw သည် တားဆီးခံရသည့် အိမ်အတွင်းသို့ ညအချိန်ဝင်ရောက်ပါက မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူနိုင်ပါသလဲဆိုလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၁/၄၅၂တို့အရ အရေးယူနိုင်မည်ဖြစ်ကြောင်း၊ ညအချိန် ပုန်းလျှိုးကျော်နင်းမှု ကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ အရသာ အရေးယူနိုင်မည်ဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ကန့်သတ်တားဆီးထားသော အဆောက်အအုံသည် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဖြစ်သည်ဆိုလျှင် နိုင်ငံတော်က လုံခြုံရေးချထား၍ နိုင်ငံတော်၏လက်ရှိသာဖြစ်ကြောင်း၊ အဆိုပါအဆောက်အအုံသည် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ပိုင်နေရာဖြစ်သည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ပိုင်ဟု မပြောနိုင်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

## ရှင်းလင်းထွက်ဆို

ဆက်လက်၍ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက တရားခံပြသက်သေ ဦးကြည်ဝင်းအား ပြန်လှန်စစ်မေးရာတွင် Mr. John William Yettaw ၏ ရှေ့နေက မေးမြန်းသည်ကို မိမိအနေဖြင့် ဥပဒေပုဒ်မများ၍ ပြောသည်ဆိုလျှင် ပြောမိပါကြောင်း၊ သက်ဆိုင်ရာက ကန့်သတ်တားဆီးထားသည့် အဆိုပါအဆောက်အအုံ ခြံဝင်းအတွင်းသို့ ဝင်ရောက်ပါက ဒေါ်အောင်ဆန်းစုကြည်၏ ခွင့်ပြုချက်ကို ရယူပြီးမှ ဝင်ခွင့်ရသည်ကို သိပါသလားဆိုလျှင် မိမိ မသိကြောင်း၊ မစ္စတာဂမ်ဘာရီကိုယ်တိုင်ဝင်ရောက် တွေ့ချင်ကြောင်း ခွင့်တောင်းသော်လည်း ဒေါ်အောင်ဆန်းစုကြည်က ခွင့်မပြု၍ တွေ့ခွင့်မရခဲ့ဘူးဆိုလျှင် ယင်းဖြစ်ရပ်မှန်ပါကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၆ သဘောအရဆိုလျှင် မည်သူ့ကိုမဆို ပုန်းလျှိုးဝင်ရောက်စေကာမူ အိမ်ရှင်က သဘောတူခွင့်ပြုလျှင် ပြစ်မှုမမြောက်ဟုဆိုပါက ဥပဒေအရ မှန်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ခိုလှုံခွင့်ပေးခြင်းဖြစ်၍ နေအိမ်အတွင်းသို့ ပုန်းလျှိုးကျော်နင်းဝင်ရောက်သည့် Mr. John William Yettaw သည် ညဥ့်အချိန် ပုန်းလျှိုးကျော်နင်းမှုကို ကျူးလွန်ရာရောက်ပါသလားဆိုလျှင် ပုန်းလျှိုးအိမ်ကျော်နင်းမှုမမြောက်တော့ကြောင်း၊ Mr. John William Yettaw သည် ဒေါ်အောင်ဆန်းစုကြည်အား စာအုပ်များ၊ စာရွက်များ ပေးကမ်းဆက်သွယ်ပြီး ၄င်းအပြန်တွင် ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများ ပါရှိသွားသဖြင့် ဆက်သွယ်မှုမြောက်သည်ဆိုလျှင် ကန့်သတ်ထားသည့် ဥပဒေအရ မမြောက်ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရှိရင်းစွဲဥပဒေ၊ တည်ဆဲဥပဒေ ဖြစ်သည်ဆိုလျှင် မရှိတော့ပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁/၉၀အရ ပြောခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၆/၈၈ အရ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တာဝန်ယူလိုက်သည့် ၁၉၈၈ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် တည်ဆဲဖြစ်သော ဥပဒေအားလုံးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းမပြုသမျှ ဆက်လက်အတည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟုဆိုလျှင် မှန်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတော့ မပါကြောင်း၊ ယခုနိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ပယ်ဖျက်ခြင်းမရှိသေးဟုဆိုလျှင် မှန်ပါကြောင်း၊ ကန့်သတ်တားဆီးမိန့် ထုတ်ပြန်တားဆီးခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးကြည်ဝင်းနှင့် ဦးလှမျိုးမြင့်တို့က ၂၀၀၈ခုနှစ် အောက်တိုဘာ ၉ရက် နေ့စွဲဖြင့် အစိုးရအဖွဲ့ထံ တင်ပြသော အယူခံလွှာတွင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၁၆၇(ခ) ခုခံချေပခွင့်ပေးရမည်ဆိုသောမူစသည်တို့ကို အားကိုးအားထားပြု၍ တင်ပြလျှောက်ထားခဲ့သည်ဆိုလျှင် မသိကြောင်း၊ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးကြည်ဝင်းက သတင်းတပ်ဖွဲ့ထံ ၄င်း၏ အယူခံလွှာကို ကြားနာခွင့်ပြုရန် ရေးသောစာများတွင်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကားပြု၍ တင်ပြထားသည်ကို သိပါသလားဆိုလျှင် မသိကြောင်း၊ မိမိသည် တရားခံပြ သက်သေအနေဖြင့် သက်သေခံတာလား၊ ဥပဒေပညာရှင်အဖြစ် အစစ်ခံတာလားဆိုလျှင် တရားခံပြသက်သေအဖြစ်ရော၊ ဥပဒေပညာရှင်အနေဖြင့်ပါ တရားမျှတမှုဖြစ်ရန် ကူညီသည့်အနေဖြင့် ထွက်ဆိုခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

ယင်းနောက် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉ မှ တရားခံ Mr. John William Yettaw ကို စစ်ဆေးသည်။ တရားခံ Mr. John William Yettaw က မိမိ ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းအတွင်းသို့ ဝင်ရောက်ခဲ့သည့်နေ့မှာ မေ ၄ရက် ၂၀၀၉ ခုနှစ် နံနက်ပိုင်းတွင်ဖြစ်ကြောင်း၊ မိမိ ဒေါ်အောင်ဆန်းစုကြည်အိမ်မှ ပြန်လည်ထွက်ခွာသည့် နေ့ရက်မှာ မေ ၅ရက် ညသန်းခေါင်ယံ အချိန်ခန့်တွင် ဖြစ်ကြောင်း၊ မိမိ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ သွားရောက်ခဲ့ခြင်းမှာ မိမိကိုယ်ပိုင်သဘောအရဖြစ်ကြောင်း စသဖြင့် ထွက်ဆိုသည်။

## တိတ်တဆိတ်ဝင်ရောက်

ဆက်လက်၍ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သည့် ခရိုင်ဥပဒေအရာရှိက Mr. John William Yettaw အား ပြန်လှန်စစ်မေးရာတွင် မိမိသည် ၂၀၀၈ခုနှစ် နိုဝင်ဘာလအတွင်းက တစ်ကြိမ်၊ ၂၀၀၉ခုနှစ် မေလအတွင်းက တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ရန်ကုန်မြို့သို့လာရာတွင် ခရီးသွားဗီဇာ လျှောက်ထားရယူခဲ့ကြောင်း၊ ထိုသို့ လျှောက်ထား ရယူခဲ့ရာတွင် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိစဉ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေကို လိုက်နာပါမည်ဟူသောအချက်နှင့် ဗီဇာစည်းကမ်းပါအချက်များကို လိုက်နာပါမည်ဟူ၍ လက်မှတ်ရေးထိုး လျှောက်ထားခဲ့ခြင်းဖြစ်သည်ဆိုလျှင် မှန်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ နှစ်ကြိမ်ဝင်ရောက်ရာတွင် တရားဝင်ခွင့်ပြုချက်တောင်းခံ၍ ဝင်ရောက်ခြင်းမဟုတ်ဘဲ ညအချိန် တိတ်တဆိတ် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဆိုလျှင် ခွင့်ပြုချက်တောင်းခံ၍ ဝင်ရောက်ခြင်း မဟုတ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သည် လုံခြုံရေးအစောင့်များ စောင့်ကြပ်လျက်ရှိသဖြင့် အခြားသူများမဝင်ရောက်ရန် တားမြစ်ကန့်သတ်ထားသော နေရာဖြစ်သည်ကို မိမိသိသည်ဆိုလျှင် မှန်ပါကြောင်း၊ မိမိသည် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ရာတွင် ရေထဲမှဖြတ်၍ သွားခြင်းဖြစ်သည်ဆိုလျှင် နှစ်ကြိမ်စလုံး ရေထဲမှဖြတ်၍ လျှောက်သွားခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိသည် မြန်မာနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများကို ချိုးဖောက်ရာရောက်သည်ဆိုလျှင် မိမိအနေဖြင့် ထိုဥပဒေများကို ချိုးဖောက်ရန် ရည်ရွယ်ရင်းမရှိပါကြောင်းဖြင့် ရှင်းလင်းထွက်ဆိုသည်။

ထို့နောက် တရားခံ Mr. John William Yettaw က ၄င်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈ အရ စွဲဆိုသည့် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉/၂၀၀၉ နှင့် စပ်လျဉ်း၍လည်း ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉ တွင် ထွက်ဆိုသည့် ထွက်ဆိုချက်များအတိုင်းဖြစ်ကြောင်းဖြင့် တင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရုံးထိုင်တရားသူကြီးများ၊ ခရိုင်ဥပဒေအရာရှိများနှင့် တရားခံရှေ့နေ ဦးခင်မောင်ဦးတို့သည် တရားခံ Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ အင်းလျားကန်အတွင်းမှ ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း သိရှိနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ ခ။(၁)၊ တရားရုံးများလက်စွဲအပိုဒ် ၆၂၁ ပြဋ္ဌာန်းချက်များနှင့်အညီ အခင်းဖြစ်ပွားနေရာသို့ တရားခံနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသော အမှုများနှင့်စပ်လျဉ်း၍ အပြီးသတ်လျှောက်လဲချက်များကြားနာရန် ဇွန် ၁ရက် နံနက်၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး

ကျောင်းအပ်နှံရေး

ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

---

## Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲ ကျင်းပပြီးစီး

ရန်ကုန် မေ ၂၈

Premier Coffee Co., Ltd. နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့ ပူးပေါင်း၍ Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကို ပဲခူးမြို့၌ မေ ၁၈ရက်မှ စတင်ကျင်းပခဲ့ပြီး **(အောက်ပုံ)** ညောင်လေးပင်၊ တောင်ငူ၊ နေပြည်တော်ပျဉ်းမနား၊ ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ အောင်လံ၊ ပြည်စသည့် မြို့ကြီး ၁၂မြို့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။

### ကျင်းပမည်

ဆက်လက်၍ ယင်းမြို့ကြီးများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများ၊ လာရောက်ကြည့်ရှုအားပေးခဲ့ကြသော Premier Coffee ချစ်သူများနှင့် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များအားလုံးကို Premier Coffee Co., Ltd. နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့မှ ကျေးဇူးတင်ရှိသောအားဖြင့် မြို့ကြီးများ၌ ပထမဆုရရှိသူများကို ရန်ကုန်မြို့ Capital Hyper Market တွင် မြန်မာတစ်ပြည်လုံး ပထမ၊ ဒုတိယ၊ တတိယ ပြန်လည်ရွေးချယ်ပွဲကို မကြာမီကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

ဥနဲ့ ငါးကို ပွားစေလို

ငါးရစ်ဆို မဖမ်းနဲ့

# ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ

**ရန်ကုန် မေ ၂၈**

၂၀၀၉ခုနှစ် မေ ၂၈ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဆေးဖက်ဝင်ရဲယိုအကြောင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၆၅၀ အတွက် အဆိုပြုလွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က လက်ခံယူခဲ့သည်။ ဆက်လက်၍ ရွှေမြန်မာရဲယိုခြံပိုင်ရှင် ရွှေနဂါးဦးတင်ဝင်းက ရဲယိုအသုံးဝင်ပုံအကြောင်း ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

## ကျန်းမာရေးစစ်ဆေး

**တုပ်ကွေးရောဂါ A(H1N1) မှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်စဉ်။**

(သတင်းစဉ်)

## ကြိုတင်ကာကွယ်

တုပ်ကွေးရောဂါ A(H1N1)မှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်စဉ်။

**(သတင်းစဉ်)**

# ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ဒီဂရီစင်တီဂရိတ် / ၁၆၀ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်

## စနစ်တကျသန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ် စားသောက်ပါက ရောဂါကူးစက်မှုမရှိနိုင်

**နေပြည်တော် မေ ၂၈**

တုပ်ကွေးရောဂါ Influenza A(H1N1) သည် ဧပြီ ၁၇ရက်မှ မေ ၂၇ရက်အထိ နိုင်ငံပေါင်း ၄၈နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ရောဂါဖြစ်ပွားသူ ၁၃၃၉၈ဦး၊ သေဆုံးသူ ၉၅ဦးရှိကြောင်း သိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် မွေးမြူရေးခြံ ဇီဝလုံခြုံမှုမြှင့်တင်ရေး ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**လိုက်နာဆောင်ရွက်သင့်**

ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဝက်များ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရပါက သီးခြားထားရှိခြင်း၊ ရွှေ့ပြောင်းသယ်ဆောင်မှု ထိန်းချုပ်ခြင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ သတင်းပို့ခြင်း ဆောင်ရွက်ရန်၊ ဝက်ခြံများတွင် ဇီဝလုံခြုံရေးကို မြှင့်တင်ပေးရန်၊ ဝက်ခြံလုပ်ငန်း ဆောင်ရွက်ပြီးတိုင်း ခြေ၊ လက်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး စနစ်တကျဆောင်ရွက်ရန်၊ မကျန်းမာသောဝက်များကို ဈေးကွက်သို့ပို့ဆောင်ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊ မူရင်းဇာစ်မြစ် မသိသော ဝက်များကို မွေးမြူခြင်းမပြုရန် စသည်ဖြင့် လိုက်နာဆောင်ရွက်သင့်သည်။

**ရောဂါကူးစက်နိုင်မှုမရှိ**

မြန်မာနိုင်ငံတွင် ယနေ့အထိ တုပ်ကွေးရောဂါ Influenza A(H1N1) သည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း၊ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ဒီဂရီစင်တီဂရိတ်/၁၆၀ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက ဗိုင်းရပ်စ်ရှင်သန်မှု မရှိနိုင်ကြောင်း၊ စနစ်တကျသန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ် စားသောက်ပါက ရောဂါကူးစက်နိုင်မှုမရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# တုပ်ကွေးရောဂါ A(H1N1) မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံ၌ ကူးစက်မှုရှိခဲ့

## မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A(H1N1) ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေး

**နေပြည်တော် မေ ၂၈**

တုပ်ကွေးရောဂါ A(H1N1) သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ မေ ၂၇ရက်အထိ ကမ္ဘာပေါ်တွင် အတည်ပြုတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၃၃၉၈ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၉၅ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၂၇ရက်တွင် ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၈နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

**စတင်ဆောင်ရွက်**

တုပ်ကွေးရောဂါ A(H1N1) မှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

**ပြင်ဆင်ထားရှိ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A(H1N1) မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**သတင်းထုတ်ပြန်**

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A(H1N1) ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှ စတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်/ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A(H1N1) ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကတ္တရာခင်းနေမှုများ

# နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

### ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျောက်ဆည်မြို့နယ် မိုင်တိုင် (၃၈/၂)အနီး၌ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(နယ်စပ်/စည်ပင်)

နေပြည်တော် မေ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် မေ ၂၆ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ တာဝန်ရှိသူတို့က ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများ၊ မြို့ရေပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သောက်သုံးရေများ အလုံအလောက် ဖြန့်ဝေပေးနိုင်ရန်နှင့် ရေစက်ရုံများအစဉ်သဖြင့် ကြံ့ခိုင်ရေးဆောင်ရွက်သွားရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည်မြို့ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု အခြေအနေများနှင့် ဇော်ဂျီရေစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကောင်းရေသန့်များ ဖြန့်ဝေနိုင်ရေးနှင့် ရေလုံလောက်စွာဖြန့်ဖြူးပေးရန် မှာကြားသည်။ ထိုမှတစ်ဆင့် ကျောက်ဆည်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးပတ်လမ်း သန့်ရှင်းသာယာရေးနှင့် ဈေးသူဈေးသားများ ဈေးရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၊ ကျောက်ဆည်မြို့နယ် အပိုင်းရှိ ဖျောက်ဆိပ်ပင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာနှင့် အချိန်မီပြီးစီးရေး စနစ်တကျစုဖွဲ့ဆောင်ရွက်သွားရန် မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးသည်ကျောက်ဆည်မြို့နယ် မိုင်တိုင် (၃၈/၂) အနီး၌ ကတ္တရာခင်းနေမှု၊ မြစ်သားမြို့နယ် မိုင်းမောရွာအနီး ၌ ကတ္တရာခင်းနေမှု၊ သာစည်မြို့နယ် လှိုင်းတက်ရွာအနီး၌ ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဂုံရွာအနီးနှင့် လှိုင်းတက်ကျေးရွာအနီး ရှင်းလင်းဆောင်တို့၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကတ္တရာခင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က မိတ္ထီလာမြို့ မြို့ရေပေးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိတ္ထီလာကန်တော်ကြီး ရေအားသန့်စင်ပြီးရေပေးဝေမှုနှင့်ပတ်သက်၍ စနစ်တကျရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ဖြန့်ဝေနိုင်ရေး၊ ရေစက်ရုံ၊ ရေတင်စက်များအစဉ်အမြဲ ကြံ့ခိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းဖြစ်သည့် မဟာစည်စက်ရေတွင်းငါးတွင်းဖြင့် ရေပေးဝေမှု အခြေအနေများနှင့် စိမ့်ရေတွင်းများမှ ရေပေးဝေမှုအခြေအနေများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မြို့ရေပေးရေးနှင့် ပတ်သက်၍ စနစ်တကျရှိရေး၊ လုံလောက်စွာရေပေးဝေနိုင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းဆောင်ရွက်နေသော ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများအားတွေ့ဆုံ၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့် ကတ္တရာလမ်း အပြီးသတ် ခင်းနိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်မှာကြားသည်။

ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် မန္တလေးတိုင်းလမ်းပိုင်းတွင် ကျောက်ချောလမ်း ၁၂၇/၀မိုင်ဆောင်ရွက်ပြီးဖြစ်၍ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း မိုင် ၁၁၀ နှစ်ဖာလုံလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ္တလားပြုလုပ်မည့် ပတ္တလားရွက်ကို ကျပ်ပေါင်းဖိုတွင် ၂၄နာရီကြာ ဤသို့ကျပ်တင်ရသည်။
(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

## သီကောင်းစရာ

ကြံခင်းမြို့ မင်းသီရိရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းနေ ဝါးပတ္တလား လုပ်ကိုင်သူ ဦးမြင့်သိန်း၊ မဌေးဌေး ဇနီးမောင်နှံနှင့်တွေ့ဆုံ၍ ဝါးပတ္တလား အကြောင်း သိကောင်းစရာလေးများကို မေးမြန်းစေ့ငုခဲ့ကြသည်။ ယခင်က ကြံခင်းမြို့တွင် ဝါးပတ္တလား လုပ်ကိုင်သူ သုံးဦးရှိခဲ့သော်လည်း ယခုအခါ ဦးမြင့်သိန်းမိသားစုတစ်စုသာရှိတော့သည်။

"ဝါးပတ္တလားလုပ်ဖို့ အကောင်းဆုံးဟာ ဝါးပိုးဝါးပါ၊ ကုန်းမြင့်ပေါ်ကသဲနုန်းမြေမှာပေါက်တဲ့ ဝါးပိုးဝါးက ပိုမိုကောင်းမွန်ပါတယ်။ ဝါးပိုးဝါးကနေ ပတ္တလားဖြစ်လာအောင် အဆင့်ခြောက်ဆင့် လုပ်ရပါတယ်။ ဝါးကိုပိုင်းဖြတ် ဆစ်၊ ရေစိမ်၊ နေလှန်း၊ ကျပ်တင်ရပါတယ်။ ပြီးမှ ကြိုးဖောက်တပ်ဆင်၊ အသံညှိယူရခြင်းဖြစ်ပါတယ်။ လွယ်ကူမယ်ထင်ရပေမယ့် အဆင့်ခြောက်ဆင့်စလုံးဟာ သူ့အဆင့်နဲ့သူ ပညာသားပါပါတယ်။ ပတ္တလားလုပ်မယ့် ဝါးရှာဖွေပိုင်းဖြတ်တာက အစပါ။

အပွေးကောင်းတဲ့ ဝါးပိုးဝါးကို ရွေးပြီး အရင်းကစပြီး ၁၄ဆစ်ပိုင်းရပါတယ်။ ပြီးမှ ဗျက်နှစ်လက်မရှိတဲ့ ပတ္တလားရွက်ကို ခွဲစိတ်ရပါတယ်။ ရေစိမ်တာတင် သုံးလကြာပါတယ်။ ရေစိမ်ရာမှာလဲ အင်းရေ၊ ကန်ရေနဲ့ပဲစိမ်ရပြီး မြစ်ရေ၊ ချောင်းရေနဲ့ စိမ်လို့မရပါဘူး။ တစ်လတစ်ကြိမ် ဖော်ပြီး ဆေးကြောပေးရပါသေးတယ်။ ပြီးမှ နေလှန်း၊ နေပြင်းပြင်းမှာမလှန်းရပါဘူး။ တစ်နာရီတစ်ကြိမ်လောက် ဟိုဘက်၊ ဒီဘက်လှန်ပေးရပါတယ်။ ခြောက်နေအောင် နေလှန်းရတာတင် ၁၅ရက်-ရက်၂၀လောက် လှန်းရပါတယ်"။

## တီးခတ်ပြ

"နောက်ပြီးမှ ကျပ်ပေါင်းဖိုမှာ ကျပ်တင်ရပြန်ပါတယ်။ ၂၄ နာရီလောက်ကြာရပါတယ်။ အချိန်ကြာအောင် ကျပ်ပိုတင်နိုင်ရင် ပိုကောင်းပါတယ်။ ပတ္တလားရဲ့အသံ သာယာကောင်းမွန်ဖို့ ဒါတွေလုပ်ရတာပါပဲ။ ကြိုးပေါက်ဖောက်ပြီး နားဝင်ပီယံဖြစ်စေဖို့ ဂီတသံစဉ်ညှိယူရတာက အရေးကြီးဆုံးပညာသားပါတဲ့ အပိုင်းပါပဲ။ အပြောလွယ်၊ အမြင်လွယ်သယောင် ထင်ရပေမယ့် ဝါးပတ္တလားလုပ်တဲ့ ပညာဟာလဲ ခက်ခဲနက်နဲပါတယ်" ဟု မြန်မာ့အလင်းသို့ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောကြားသွားခဲ့သည်။ ပြီးမှ တောနဲ့တောင်စွယ် မြန်မာ့သီချင်းခန့်ကြီးကို လက်သံသာသာနဲ့ ကိုယ်တိုင်ထုတ်လုပ်သော ဝါးပတ္တလားရွက်လေးများကို တီးခတ်ပြသွားသည်။

## တစ်ပိုင်တစ်နိုင်

ဦးမြင့်သိန်း၏ဖခင် ဦးဘိုကြီးထံမှ ဝါးပတ္တလား လုပ်ကိုင်နည်းပညာကို မိဘအမွေအဖြစ် ခံယူလုပ်ကိုင်လာခဲ့ခြင်းဖြစ်၏။ ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ဟင်္သာတ၊ ဇလွန်မြို့များမှ မှာကြား ဝယ်ယူကြပြီး မန္တလေးမှ ဝယ်ယူမှုအများဆုံး ဖြစ်သည်ဆိုပါသည်။ တစ်နှစ်လျှင် ဝါးပတ္တလား အစုံ ၂၀၀ ကျော် မှာကြားဝယ်ယူမှုရှိခဲ့ရာ ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းတစ်ခု မဟုတ်သော်လည်း မြန်မာ့ရိုးရာ တူရိယာတစ်မျိုး ထုတ်လုပ်ခြင်း မတိမ်ကော မပပျောက်စေရန်နှင့် မိမွေ ဖမွေခံယူကာ မိဘ၏ လက်ငုတ်လက်ရင်းကို တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း အဖြစ် ဆက်လက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

လူမှုရေးဦးတည်ချက် (၄)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး အသွင်လက္ခဏာဆောင်သည့် ကြံခင်းမြို့မှ ဝါးပတ္တလားလုပ်ငန်းသည် ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်မှုတစ်ခု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုပင်ဖြစ်ပါကြောင်း သတင်းမှတ်စုဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းမဟုတ်သော်လည်း မြန်မာ့ရိုးရာ တူရိယာတစ်မျိုး ထုတ်လုပ်ခြင်း မတိမ်ကော မပပျောက်စေရန်နှင့် မိမွေ ဖမွေ ခံယူကာ မိဘ၏ လက်ငုတ်လက်ရင်းကို တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း အဖြစ် ဆက်လက် လုပ်ဆောင်ခြင်းဖြစ်။**

# ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအားကောင်းမည်

ရန်ကုန် မေ ၂၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သိမ်ဇရပ်မြို့တွင် ၅ ဒသမ ၂၇လက်မ၊ ညောင်လေးပင်မြို့တွင် ၂ဒသမ၈၀လက်မ၊ မော်လမြိုင်မြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၇၅လက်မစီ၊ကျိုက္ခမီမြို့တွင် ၂ ဒသမ ၆၄လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၉၇လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၆၉လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၆၅လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၄၂လက်မ၊ ဗန်းမော်မြို့နှင့် သံတွဲမြို့တို့တွင် ၁ ဒသမ ၃၇လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

**မေ ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ** မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

*ကျောဖုံးမှ*

*အစားအစာတစ်မျိုးဖြစ်ကြောင်း၊ မှိုတွင်ပါဝင်သည့် အဆိပ်ကြောင့် ကျောက်ကပ်၊ အစာအိမ်နှင့် အူမကြီးကင်ဆာတို့ဖြစ်ပွားစေတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။*

**စားသုံးသင့်**

*ထို့ကြောင့် မှိုစားသုံးရာတွင် ချင့်ချိန်စားသုံးသင့်ပြီး စားသုံးပါကလည်း အန္တရာယ်ကင်းစွာ စီမံပြုလုပ်စားသုံးသင့်ကြောင်း၊ သို့မဟုတ်ပါက ကင်ဆာရောဂါများဖြစ်ပွားစေကြောင်း ပြင်သစ်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။*

**စာအုပ်စာပေ လှူမိတ်ဆွေ**

## The Live News ဂျာနယ် အမှတ်(၁၃၁)ထုတ်ဝေဖြန့်ချီ

**ရန်ကုန် မေ ၂၈**

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၃၁)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ နှစ်ကျိပ်ရှစ်ဆူပင့်ပွဲများ၊ မြင်းမူ မောင်နိုင်မိုး၏ မနေအပ်သောအရပ်(၂)၊ နီမင်းဆွေ၏ Slumdog Millionaire အိမ်နောက်ဖေးက သန်းကြွယ်သူဌေး(၄)၊ ကိုကိုလှိုင်၏ ကမ္ဘာကြီးအေးချမ်းပါစေ၊ ကမ္ဘာကြီးငြိမ်းချမ်းပါစေ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၉)၊ လသာမြို့နယ်အတွင်းက ရှေးဟောင်းလက်ရာ အဆောက်အအုံများရဲ့ မြေအမည်ပေါက်များ၊ အောင်လျှမ်းဝေ၏ စင်ကာပူမှသည် မာလာယုကျွန်းဆွယ်ဆီသို့၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော်သဘော်သား အင်္ဂလိပ်စကား(၃)၊ အာရှမိုး၏ အရှေ့တောင်အာရှဒေသမှ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၊ မိုး(ပျဉ်းမနား)၏ တွေးချင့်တော်မူ၊ British Airways လေကြောင်းကုမ္ပဏီ ပေါင်စတာလင် ၄၀၁သန်း ဆုံးရှုံးခဲ့ကြောင်း ထုတ်ပြန်ကြေညာ၊ ပြင်ပဆိုင်မှာ နေ့လယ်စာ ကိုယ်တိုင်ဝယ်ယူစားသုံးတဲ့ သမ္မတအိုဘားမားနဲ့ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၊ အာရှလုံခြုံရေးအတွက် အာဆီယံနှင့်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လာတဲ့ တရုတ်နိုင်ငံ၊ သီရိလင်္ကာမှ တမီလ်ကျား သူပုန်ခေါင်းဆောင် ဘဝနိဂုံးချုပ်ခဲ့ပြီ၊ စပိန်နိုင်ငံရှိ မယ်တော်မာရီအုတ်ဂူ၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ၊ ကိုရီးယားဇာတ်လမ်းတွဲ 'ကျေးဇူးတင်ပါတယ်' အပိုင်း(၁၄/၁၅) မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## SD PAINTS Co.,Ltd. ၏ ၂၀၀၈ ခုနှစ် ဝယ်အားလွန်ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၈**

SD PAINTS Co.,Ltd. ၏ ၂၀၀၈ခုနှစ် ဝယ်အားလွန်ဆုချီးမြှင့်ပွဲကို မေ ၃၁ရက် ညနေ ၅နာရီမှ ၇နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (ရွှေဂုံတိုင်) Excel Treasure Hotel ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် ဝယ်အားလွန်ဆုရရှိသူများအား ဆုလက်ဆောင်များ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၅-၂၀၀၉ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ရိုးရာကျေးလက်ကစားနည်း
- ၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ **အရေးကြီးလို့ပါ** ခင်လှိုင်၊ ခင်နှဲ့နှဲ့မူ (ဒါရိုက်တာ-ခင်နှဲ့နှဲ့မူ)
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၃၀ ၉။ International News
- ၈:၄၀ ၁၀။ ရွှေလင်ပန်းတံတား
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၂၀ ၃။ မြန်မာစာ မြန်မာစကား
- ၄:၃၅ ၄။ အတီးပြိုင်ပွဲ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **လှေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်(ဖီးနပ်စ်)
- ၅:၂၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅:၄၀ ၉။ အကပြိုင်ပွဲ
- ၅:၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၁၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၇)
- ၁၉။ သီချင်းချစ်သူ

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့) နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၉ခုနှစ် မေလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**(၃၁-၅-၂၀၀၉)ရက်နေ့**

**၂၀၀၉ခုနှစ် ဇွန်လအတွက်**

**(၁၄-၆-၂၀၀၉)ရက်နေ့**

**နှင့်**

**(၂၀-၆-၂၀၀၉)ရက်နေ့**

* *ရွှေဖုံးမှ*

### ရောင်စုံပွင့်လန်း

လမ်းခရီးတစ်လျှောက်၌ ရာသီအလိုက် သီးနှံပင်များ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ အထူးသဖြင့် အများစုတွေ့နိုင်သည်က သရက်ပင်များပင်ဖြစ်သည်။ သရက်ပင်များ၌ အသီးစိမ်းစိမ်းများ ဝေဝေဆာဆာသီးနေသည်ကို မြင်ရသည်။ စိန်တလုံးသရက်မျိုးများကို အဓိကစိုက်ကြောင်း သိရသည်။ သရက်သီးကို အရည်အသွေးကောင်း၊ အရောင်လှစေရန် စက္ကူအိတ်များ စွပ်ထားသည်ကိုတွေ့မြင်ရသည်။ လမ်းဘေး၌ ရာသီအလိုက် ပွင့်ဝေနေသော ပန်းများကလည်း အနီလည်း တွေ့ရ၏။ အပြာလည်း မြင်ရ၏။ အဝါလည်း ကြည့်ခဲ့ရသည်။ တောအရိပ်တောင်အရိပ်နှင့် ရာသီပန်းများ ရောင်စုံပွင့်လန်းမှုက သဘာဝရဲ့ စုတ်ချက်များပင်။

**စိန်တလုံးသရက်သီး၏ ဖွံ့ထွားမှုကို ဤသို့ တွေ့ရသည်။** (မြန်မာ့အလင်း)

### ခေါ်တွင်

ရပ်စောက်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၅၀တွင် တည်ရှိသည်။ အရှေ့ဘက်တွင် ဟိုပုံးမြို့နယ်နှင့်လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၊ တောင်ဘက်၌ ပင်းတယ၊ ကလောနှင့် တောင်ကြီးမြို့နယ်တို့ရှိပြီး အနောက်ဘက်တွင် ရွာငံမြို့နယ်၊ မြောက်ဘက်၌ အင်တောမြို့တို့က ဆက်စပ်လျက်ရှိသည်။ သမိုင်းရာဇဝင်အရ ရဿဝတီဟု ခေါ်ဝေါ်သမုတ်ခဲ့ရာမှ ကာလကြာမြင့်လာသော ရပ်စောက်မြို့ဟု ခေါ်တွင်လာကြောင်း သိရသည်။ ရပ်စောက်မြို့နယ်သည် အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၁၀၉၉ ဒသမ ၃၇ ရှိသည်။

**"အိတ်စွပ်ရတဲ့အကြောင်းကတော့ အနာအဆာကင်းအောင်၊ အရောင်လှ၊ အရည်အသွေးကောင်းအောင် လုပ်ပေးတာပါ"**

တောင်သူ ကိုတင်မြင့် သရက်စိုက်ပျိုးသူ။

### အဓိကစိုက်ပျိုး

ရပ်စောက်မြို့နယ်၌ သရက်ပင်များ အများအပြားစိုက်ပျိုးသော ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုမှ ရတနာပုံ အနောက်ကျေးရွာ၌ သတင်းရယူရန် ခရီးတစ်ထောက် နားခဲ့ရသည်။ အိမ်ခြေ ၃၀၀ခန့်နှင့် လူဦးရေ ၁၅၀၀ ကျော်ရှိသည်။ စပါး၊ ကြံနှင့် သရက်ပင်များ အဓိကစိုက်ပျိုးကြောင်း သိရသည်။

ထိုရွာ၌ သရက်ပင်များ အများအပြား စိုက်ပျိုးသော ကိုတင်မြင့်ဆိုသူအားတွေ့ဆုံ၍ သိလိုသည်များမေးမြန်းခဲ့ရာ ဤသို့ ဖြေကြားပေးခဲ့သည်။

### မတ်လမှာအသီးတည်

"ကျွန်တော် သရက် ၁၂ဧကစိုက်ထားပါတယ်။ စိန်တလုံးကို အဓိကစိုက်ပါတယ်။ ပတ္တမြားငမောက်သရက်ပင် ၁၅၀နီးပါးနဲ့ ရင်ကွဲပင်လည်း ၁၀၀ လောက်ရှိပါတယ်။ သရက်က ဇန်နဝါရီမှာ စဖူးပြီး မတ်လမှာ အသီးတည်ပါတယ်။ မေလဆန်းဆိုရင် အသီးတွေကို စက္ကူအိတ်နဲ့ စွပ်ပေးပါတယ်"

"အိတ်စွပ်ရတဲ့ အကြောင်းကတော့ အသီးကို အနာအဆာ ကင်းအောင်၊ အရောင်လှ၊ အရည်အသွေးကောင်းအောင် စွပ်ပေးတာပါ။ အရည်အသွေးကောင်းမှလည်း ဈေးကောင်း ရပါမယ်။ အိတ်စွပ်ပြီး တစ်လခွဲဆိုရင် ရောင်းလို့ရပါပြီ။ ထွက်ရှိတဲ့ သရက်သီးကို ရန်ကုန်၊ မန္တလေးနဲ့ မူဆယ်ပွဲရုံတွေကို ပို့ပါတယ်"

ဆက်လက်၍ သရက်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ မေးမြန်းရာတွင်-

"စိန်တလုံးသရက်ဟာ လေးနှစ်သားဆိုရင် အသီးစရူးလို့ရပါတယ်။ အပင်သက်တမ်းအားဖြင့် အနှစ် ၃၀ လောက် သီးနိုင်ပါတယ်။ ခုနစ်နှစ်သားအပင်ဆိုလျှင် တစ်ပင်ကို ၄၀၀၊ ၅၀၀လောက် သီးပါတယ်။ လက်တွေ့လည်း ကြည့်နိုင်ပါတယ်"။

### စီးပွားဖြစ်ထွန်း

အမှန်ပင်ဖြစ်ပါသည်။ သတင်းအဖွဲ့လည်း သရက်ပင်များ စိုက်ပျိုးထားရာ ရွာနှင့်တစ်မိုင်ခွဲရှိ ဆီဆုံကွင်းသို့ ၄င်းနှင့် ဆိုင်ကယ်အတူစီး၍ လက်တွေ့လိုက်လံ ကြည့်ရှုခဲ့ပါသည်။ သရက်ပင်များ၌ သရက်သီးများ ပြွတ်သိပ်သီးနေသည်ကို မြင်ရသည်။ အပင်အမြင့်အားဖြင့် ၁၂ပေလောက်ခန့်သာမြင့်သော်လည်း တချို့အသီးများ မြေပြင်နှင့်ထိစပ်နေ၍ တုတ်ဖြင့်ကိုင်းထောက်ပေးထားသည်ကို တွေ့ရသည်။ မြင်မြင်သမျှ သရက်သီးများကို အိတ်စွပ်ပေးထားပြီး စနစ်တကျ ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ကြောင်း သိရသည်။ ကိုယ့်ဝီရိယ

**ရပ်စောက်မြို့နယ် ရတနာပုံ အနောက်ကျေးရွာမှ ထွက်ရှိသော ပတ္တမြားငမောက်သရက်သီးများ။** (မြန်မာ့အလင်း)

အကျိုးကြောင့် ကိုယ်ခံစားရကြောင်း ပြောဆိုရှင်းပြရင်း သရက်ပင်များ စိုက်ပျိုး၍ စီးပွား ဖြစ်ထွန်းနေမှုကို လက်တွေ့ပြသခဲ့ပါသည်။

### ဝါသနာနှင့်ဖွဲ့

သတင်းအဖွဲ့ ဓာတ်ပုံသမား ကိုတင်စိုးမှာလည်း ပုံကောင်းရရှိရန် တောင်ပေါ်သို့ ကိုယ်တိုင်တက်၍ သရက်ပင် အုပ်များကို အပေါ်စီးမှ ရိုက်ယူနေမှုကလည်း ဓာတ်ပုံသမား တစ်ဦး၏ ဝါသနာနှင့် ဖွဲ့ပင်ဖြစ်သည်။

### လေ့လာစူးစမ်း

တကယ်ဆိုလျှင် ကျွန်တော်တို့ မြန်မာ့မြေ၌ မြေဆီမြေလွှာကောင်းများ များစွာရှိပါသည်။ ယင်းမြေဆီမြေလွှာများပေါ်၌ ဝီရိယစိုက် လုပ်ကိုင်ဆောင်ရွက်ပါက နိုင်ငံအတွက် စိုက်ပျိုးသီးနှံကောင်းများ ရရှိနိုင်ပါသည်။ လူငယ်များ နိုင်ငံခြားသို့ အလုပ်သွားလုပ်မှ ငွေရှာနိုင်မည် မဟုတ်ပါ။ မိမိဘက်က အရည်အချင်းမပြည့်လျှင် သူများခိုင်းတာ လုပ်၍ ငွေရှာရုံပဲ ရှိပါမည်။ မိမိနိုင်ငံ၌ ဘယ်နေရာ၌ စိုက်ပျိုးလျှင်ရမည်၊ မည်သို့ကြိုးစားလုပ်ကိုင်လျှင် စီးပွားဖြစ်ထွန်းမည်ကို ကိုယ်တိုင် လေ့လာ စူးစမ်းစေလိုပါသည်။

**တောင်ခြေမှ သရက်ပင်အုပ်များကို ဤသို့ အားရဖွယ်တွေ့ခဲ့ရသည်။** (မြန်မာ့အလင်း)

### စီးပွားဖြစ်ထွန်း

တကယ်တော့ ကျွန်တော်တို့နိုင်ငံမြေကြီးသည် အချက်သိလျှင် ရွှေသီးသောမြေ ဖြစ်ပါသည်။ ကိုယ်တိုင် လုပ်ချင်စိတ်နှင့် ကြိုးစားဖို့ပဲ လိုပါသည်။ ရပ်စောက်မြို့နယ် ရတနာပုံ အနောက်ကျေးရွာမှ ကိုတင်မြင့်လို လူမျိုးက စိုက်ပျိုးသီးနှံဖြင့် စီးပွားဖြစ်ထွန်းနေသည်ကို ကိုယ်တိုင် ကွင်းဆင်းတွေ့မြင်ခဲ့ရခြင်းက အဖြေပဲ ဖြစ်ပါသည်။

### အကျိုးခံစားရ

ထိုခဏတွင်ပင် တောင်ပေါ်၌ မိုးရိပ်များ ညို့မည်းလာပြီမို့ မိုးလွတ်ကင်းရန် ဆိုင်ကယ်ဖြင့် အမြန်ပြန်ခဲ့ကြရပါသည်။ မိုးရွာခါနီးပြီမို့ လျှပ်ရောင်များက ပြိုးပြက် လင်းလက်နေပြီး ထိုအလင်းရောင်ကြောင့် ဝင်းပြောင်နေသော သရက်သီးများက ဒို့မြေ၌ ဒို့စိုက်ပျိုးလျှင် ဒို့သာလျှင် အကျိုးခံစားရမည်ဟု ပြောပြသယောင်ပင် ဖြစ်ပါတော့သည်။ ။

**(မြန်မာ့အလင်း)**

# ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၈

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ မေ ၂၅ရက်မှ၂၆ရက် အထိ ကျင်းပခဲ့သည့် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်) (၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၂၇ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။**

### ဖွင့်ပွဲအခမ်းအနား

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ၂၅ရက် ညနေ ၄နာရီတွင် ဟနွိုင်းမြို့ အမျိုးသားကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာရှ ၁၆နိုင်ငံနှင့် ဥရောပ ၂၇နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အပါအဝင် အဆင့်မြင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့မှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

### ညှိနှိုင်းခဲ့

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ မွန်းလွဲပိုင်းတွင် အေဆမ်အဖွဲ့ဝင် အာရှနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးသို့လည်းကောင်း၊ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမအကြိမ် တံခါးပိတ်အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေး အကျပ်အတည်းပြဿနာအား ဖြေရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဇာခီယမ် တည်ခင်းဧည့်ခံသည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

### ရှင်းလင်းဆွေးနွေး

အဆိုပါ ညစာစားပွဲ၌ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ၂၆ရက် နံနက်ပိုင်းတွင် အမျိုးသားကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ၏ ဒုတိယအကြိမ် တံခါးပိတ်ဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။

### အမြင်ချင်းဖလှယ်

ယင်းဆွေးနွေးပွဲတွင် စွမ်းအင်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကူးစက်ရောဂါကာကွယ်ရေး စသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲကို တက်ရောက်ခဲ့သည်။ ယင်းနေ့လယ်စာစားပွဲတွင် အေဆမ်၏ အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် အေဆမ် အဖွဲ့ဝင်များ တိုးချဲ့လက်ခံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများအကြား ဆွေးနွေးမှုများ ပြုလုပ်ရေးဆိုင်ရာ ဘာသာရပ်နှင့် ပတ်သက်၍ ကျင်းပသည့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ၏ တတိယအကြိမ် တံခါးပိတ် ဆွေးနွေးပွဲနှင့် အစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Yang Jiechi နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

(နိုင်ငံခြားရေး)

### ဂုဏ်ပြုတည်ခင်း

ညပိုင်းတွင် ဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်း ပြည်သူ့ကော်မတီဥက္ကဋ္ဌ မစ္စတာငုယင်သီသောင်က အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအား ဟနွိုင်းမြို့ရှိ Melia Hotel ၌ ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

### ဆွေးနွေး

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အေဆမ် အစည်းအဝေး ကာလအတွင်း မေ၂၅ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ဥရောပသမဂ္ဂ သုံးပွင့်ဆိုင်အဖွဲ့နှင့် ဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

### တက်ရောက်ခဲ့

ဆွေးနွေးပွဲသို့ ဥရောပသမဂ္ဂ သုံးပွင့်ဆိုင်အဖွဲ့ဘက်မှ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Jan Kohout၊ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Carl Bildt နှင့် ဥရောပကော်မရှင်နှင့် ဥရောပကောင်စီတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

### ရှင်းလင်းပြောကြား

ယင်းဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး ဝန်ကြီး ဦးဉာဏ်ဝင်းကလည်း မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်များနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဟနွိုင်းမြို့၌ အစည်းအဝေး တက်ရောက်စဉ် ကာလအတွင်း ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Hirofumi Nakasone နှင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Yang Jiechi နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ထို့ပြင် ဝန်ကြီးသည် ဥရောပကော်မရှင်မှ ကော်မရှင်နာ Mrs. Ferraro Waldner နှင့်လည်း တွေ့ဆုံခဲ့ပြီး မြန်မာ-ဥရောပကော်မရှင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

### တွေ့ဆုံ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ ၂၅ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ မြန်မာသံရုံးသို့သွားရောက်ပြီး သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများနှင့် ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းမှာကြားခဲ့သည်။

### ပြန်လည်လိုက်ပါ

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါခဲ့ကြသည်။ **(သတင်းစဉ်)**

**အစည်းအဝေး တက်ရောက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်) (၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(နိုင်ငံခြားရေး)

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲကို မေ ၈ရက် ညက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လူမှုထူးချွန် တတိယဆင့်ရရှိသည့် ဒေါ်အေးအေးညွှန့် (KSS-နတ်သုဒ္ဓါဒံပေါက်)အား အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်)က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

**မီး**

**အစဉ်သတိပြု**

ရန်ကင်းမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ရက်က ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးကိုကိုကျော်စိုးက ပညာရေးဌာနမှ လှူဒါန်းသော သူငယ်တန်းပြဌာန်းစာအုပ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းစဉ်။ (၁၇၀)

## တာမွေမြို့နယ် မြန်မာပြည်သား သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၈

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်၉နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ရန်ကုန်တိုင်း အထွေထွေစီးပွားရေးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က **(အပေါ်ပုံ)** အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဦးတင်ဦးလွင်က ဖတ်ကြားပြီး ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၁၃၅၀၀၀ကို မြန်မာပြည်သား သမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြသိန်းထံ ပေးအပ်သည်။

ဆက်လက်၍ တာမွေမြို့နယ် သမဝါယမအသင်းစုအဖြစ် ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အမှုဆောင်များအား ပြန်လည်ရွေးချယ်၍ သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာခံယူကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(၁၇၁)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ဒီပွဲရလဒ်ကို ကျေနပ်စွာနဲ့ လက်ခံပါတယ်

မန်ယူနည်းပြ ဖာဂူဆန်

# ဘာစီလိုနာဟာ ကမ္ဘာ့အကောင်းဆုံးကလပ်ပါ

ဘာစီလိုနာနည်းပြ ဂွာဒီယိုလာ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရောမ မေ ၂၈

**ဘာစီလိုနာတို့ မန်ယူကို နှစ်ဂိုးပြတ်သွင်းအနိုင်ယူကာ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးသွားခဲ့ပြီဖြစ်ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာတို့ ထိုက်ထိုက်တန်တန် အောင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူလက်ထဲက ချန်ပီယံလိဂ်ဖလားကို ရယူသွားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။**

ဒါကြောင့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် ဖလားလက်လွတ်ခဲ့ရတဲ့ မန်ယူနည်းပြ ဖာဂူဆန်က ''ဒီပွဲရလဒ်ကို ကျေနပ်စွာနဲ့ ကျွန်တော်လက်ခံပါတယ်။ ဘာစီလိုနာ အသင်းဟာ ကျွန်တော်တို့ထက် ကစားသွားတာ ကောင်းမွန်ပါတယ်။ တစ်ဦးချင်းရော အသင်းလိုက်

**''မန်ယူအသင်း ဖိအား မပေးနိုင်ခဲ့ဘူး'' ဂွာဒီယိုလာ။**

ပါ ပြောစရာ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော့် ကစားသမားတွေ အခွင့်အရေးကောင်းတွေ အသုံးမချနိုင်ခဲ့ဘူး၊ အမှန်မှာ ကျွန်တော်တို့က ဂိုးစပြီး ရသင့်တဲ့ပွဲပါ'' လို့ပြောကြားခဲ့ပါတယ်။

မန်ယူနည်းပြဖာဂူဆန်က ဒီပွဲအတွက် အဓိက ကစားသမားတွေ အကုန်ထည့်သုံးခဲ့ပေမယ့် ဘာစီလိုနာ

**''ယုံကြည်စိတ်ရှိခဲ့တယ်'' မက်ဆီ။**

တို့က ကွင်းလယ်ပိုင်းကို စီးထားနိုင်ခဲ့လို့ ကစားကွက်ဘယ်လိုမှ တည်မရအောင် ဖြစ်ခဲ့ပါတယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး အနိုင်ရရှိခဲ့တဲ့ ဘာစီလိုနာ နည်းပြ ဂွာဒီယိုလာကလည်း'' ဒီပွဲမှာ ကျွန်တော်

အသင်းကို တိုက်စစ်၊ ခံစစ်မျှအောင် ကစားစေခဲ့တာပါ။ ကစားသမားတွေ အားလုံး နားလည်မှုရှိရှိနဲ့ တာဝန်ကျေအောင် ကစားနိုင်ခဲ့ကြတယ်။ သူတို့တွေ တကယ်ကို စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားကြလို့ အခုလို အောင်ပွဲဆင်နိုင်ခဲ့တာပါ။ မက်ဆီဟာ ဒီပွဲမှာ ခြေစွမ်းပြနိုင်ပြီး ဂိုးလည်းသွင်းနိုင်ခဲ့တာဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆိုတာ ပြသခဲ့ခြင်းလို့ ထင်ပါတယ်။ ဒီပွဲမှာ မန်ယူဟာ ကျွန်တော်တို့အသင်းကို ဖိအား မပေးနိုင်ခဲ့ပါဘူး။ ဒါကလည်း မန်ယူရဲ့ အဓိကပွဲစဉ်တွေမှာ ဘယ်လိုနည်းဗျူဟာတွေ ထုတ်သုံးတတ်တယ်ဆိုတာကို သေသေချာချာလေ့လာပြီး အကောင်းဆုံးကြိုတင် ပြင်ဆင်နိုင်ခဲ့လို့ပါပဲ။ အခုလို ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာဟာ ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းဆိုတာ လက်တွေ့ပြသလိုက်တာပါပဲ'' လို့ ပြောကြားခဲ့ပါတယ်။

ဘာစီလိုနာနည်းပြ ဂွာဒီယိုလာဟာ ဒီနှစ်မှနည်းပြတာဝန်ကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဒီနှစ်မှာပဲ လာလီဂါဖလား၊ စပိန်ဘုရင့်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေကို သိမ်းကျုံး ရယူနိုင်အောင် စွမ်းဆောင်နိုင်ခဲ့တာမို့ သမိုင်းမှတ်တမ်းသစ်ကို စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**အမှားတွေလုပ်ခဲ့**

ဒီလိုပါပဲ မန်ယူအသင်းရဲ့တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကတော့ ''ကျွန်တော်တို့ အသင်းအမှားတွေ အများကြီးရှိခဲ့ပါတယ်။နည်းစနစ်ပိုင်းမှာလည်း မကောင်းခဲ့ဘူး။ ကျွန်တော်တို့ ကစားသမားတွေလည်း အမှားတွေ လုပ်ခဲ့ကြတယ်။ ဘာစီလိုနာအသင်းကို ကျွန်တော် ချီးကျူးပါတယ်။ သူတို့တွေ တကယ် တော်ကြပါတယ်။ ကုသိုလ်ကံလည်း သူတို့ဘက်မှာ ရှိခဲ့တော့ ဘာမှအငြင်းပွားစရာ မရှိပါဘူး'' လို့ ပြောကြားခဲ့ပါတယ်။

ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီကတော့ ''ဒီပွဲ မကစားမီ ကတည်းက နိုင်အောင် ကစားမယ်လို့ ဆုံးဖြတ်ထားခဲ့တာပါ။ အမှန်အတိုင်း ဝန်ခံရရင် မန်ယူရဲ့ အရှိန်ကိုစိုးရိမ်စိတ်တော့ ဖြစ်မိပါတယ်။ ဒါပေမယ့် အီတူးဂိုးသွင်း ပြီးတဲ့နောက် ကျွန်တော်တို့ နိုင်ပြီဆိုတာ ယုံကြည်စိတ်

ဖြစ်ခဲ့ပါပြီ။ ဒီပွဲမှာ ခေါင်းတိုက် သွင်းယူနိုင်ခဲ့တဲ့ဂိုးကို ဘယ်တော့မှမမေ့လို့ရမှာ မဟုတ်ပါဘူး'' လို့ ပြောကြားခဲ့ပါတယ်။

**အစွမ်းကုန်ကြိုးစား**

ဘာစီလိုနာ အသင်းခေါင်းဆောင် ပူယိုးလ်ကတော့ ''နည်းပြက စီရိုနယ်ဒို

**''ဂိုးစပြီးရသင့်ပါတယ်'' ဖာဂူဆန်။**

ကို ထိန်းချုပ်ဖို့ တာဝန်ပေးထားလို့ ဒီတာဝန် ကျေအောင် အားကုန်ထုတ်ခဲ့ရတာပါ။ ကျွန်တော် နှစ်နှစ်လောက် ဒဏ်ရာကြောင့် အနားယူနေရာက ဒီနှစ်မှာ ပြန်ကစားတာမို့ ဒီပွဲမှာတော့ အစွမ်းကုန် ကြိုးစားခဲ့ရတယ်။ ဒါပေမယ့် စီရိုနယ်ဒိုလို ကစားသမားမျိုးတွေ ကျွန်တော် အများကြီး ထိန်းချုပ်နိုင်ခဲ့တဲ့ အတွေ့အကြုံတွေရှိပါတယ်'' လို့ ပြောကြားခဲ့ပါတယ်။

**''အမှားတွေ အများကြီးလုပ်ခဲ့ပါတယ်'' စီရိုနယ်ဒို။**

ဘာစီလိုနာအသင်းဟာ ၁၉၉၂ခုနှစ်နဲ့ ၂၀၀၆ခုနှစ်တွေမှာ ချန်ပီယံလိဂ်ဖလား ရရှိခဲ့ပြီး ဒီနှစ်မှာလည်း ဖလားဆွတ်ခူးနိုင်ခဲ့လို့ သုံးကြိမ်မြောက် ဖလားရယူနိုင်ခဲ့တဲ့ စပိန် ကလပ်အသင်း ဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။ ။ **(အင်တာနက်)**

# ချန်ပီယံလိဂ် ပြိုင်ပွဲဆိုင်ရာ သတင်းပဒေသာ

- **ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲအဖြစ် ဘာစီလိုနာနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားသည့် ပွဲတွင် ဘာစီလိုနာတို့ အနိုင်ရဗိုလ်စွဲခဲ့ပြီး နောက် စည်းကမ်းမဲ့စွာအောင်ပွဲခံပျော်မြူးခဲ့သော ဘာစီလိုနာပရိသတ် ၅၀ ကျော်အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။**

- ဘာစီလိုနာအသင်းအား ယခုနှစ်ဘောလုံးရာသီ၌ အဓိကဖလားသုံးလုံးရရှိအောင် စွမ်းဆောင်ပေးခဲ့သော နည်းပြ ဂွာဒီယိုလာသည် လွန်ခဲ့သည့် နှစ် ၂၀ခန့်က ဥရောပ အကောင်းဆုံးဘောလုံးသမားတစ်ဦးဖြစ်ခဲ့သူဖြစ်ကြောင်း အေစီမီလန်အသင်းမှ အနားယူခဲ့သူ မာလ်ဒီနီက ပြောကြားသည်။

- **ချန်ပီယံလိဂ်ဖလားကို မိမိတို့ ဘာစီလိုနာ အသင်းဆွတ်ခူးနိုင်သောနေ့သည် မိမိသမီးလေး၏ မွေးနေ့ဖြစ်သဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ဘာစီလိုနာတိုက်စစ်မှူး အွန်နရီက ပြောကြားသည်။**

- ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်၍ လူငယ်တစ်ဦးကဲ့သို့ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရသော်လည်း အသင်းဟောင်း မန်ယူအတွက်စိတ်မကောင်းဖြစ်ရကြောင်း၊ မန်ယူအသင်းသည် ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းတစ်သင်း ဖြစ်ကြောင်း ဘာစီလိုနာ နောက်ခံလူ ပီကေးကပြောကြားသည်။

- **ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲ ကျင်းပစဉ် အိုလံပီကို ကွင်းအတွင်းမှ နှစ်ဖက်ပရိသတ်များ ကြီးကြီးမားမား ပြဿနာတစ်စုံတစ်ရာ မရှိခဲ့သဖြင့် မိမိ စိတ်သက်သာမှုရခဲ့ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပလာတီနီက ပြောကြားသည်။**

- မိမိအသင်းကို အနိုင်ရယူခဲ့သော နည်းဗျူဟာအတိုင်း ဘာစီလိုနာအသင်းအား ယှဉ်ပြိုင် ကစားခြင်းသည် မှားယွင်းကြောင်း၊ ဘာစီလိုနာအသင်း၏ ကစားသမားများသည် အာဆင်နယ် ကစားသမားများနှင့် မတူညီကြောင်း မန်ယူနည်းပြ ဖာဂူဆန်အား အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝေဖန်ခဲ့သည်။

- **ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲ၌ Goal..Com မှ ကောက်ယူသော ဆန္ဒပြုသူများက ဘာစီလိုနာ ကွင်းလယ်ကစားသမား ဇာဗီအား ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားအဖြစ် ရွေးချယ်ခဲ့ကြသည်။ ထို့အတူ ဘာစီလိုနာ အသင်းတွင် ပါဝင်ကစားခဲ့သူများအနက် မက်ဆီ၊ ဇာဗီနှင့်အင်နီယေစတာတို့အား အကောင်းဆုံးကစားသမားအဖြစ် ဆန္ဒပြုခဲ့ကြသည်။**

- Goal..Com မှ ရွေးချယ်သော ယခုနှစ် အကောင်းဆုံး ချန်ပီယံလိဂ်အသင်းတွင် ဂိုး-ဗာလ်ဒက်စ်(ဘာစီလိုနာ)၊ နောက်တန်း-ဘော့စင်ဝါ(ချယ်လ်ဆီး)၊ ဖာဒီနန်(မန်ယူ)၊ ချိလီနီ (ဂျူဗင်းတပ်စ်)၊စီဆိုဟို(ပေါ်တို)၊ အလယ်တန်း-ဇာဗီ(ဘာစီလိုနာ)၊ လမ်းပတ် (ချယ်လ်ဆီး)၊ အင်နီယေစတာ (ဘာစီလိုနာ)၊ ရှေ့တန်း-စီရိုနယ်ဒို (မန်ယူ)၊ မက်ဆီ(ဘာစီလိုနာ)နှင့်ရီဘာရီ (ဘိုင်ယန်မြူးနစ်) ပါဝင်ကြသည်။ ။

**(အင်တာနက်)**

# ပို့စ်မောက်ကို မန်စီးတီးပိုင်ရှင်တို့ ထပ်ဝယ်မည်

လန်ဒန် မေ ၂၈

**မန်စီးတီးကလပ်ပိုင်ရှင် ဒေါက်တာ စူလေမန်အယ်လ်ဖာဟင်က မိမိတို့အနေဖြင့် ပို့စ်မောက်အသင်းအားဝယ်ယူရန် အသင်းပိုင်ရှင်များနှင့် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း မေ၂၈ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။**

ဒူဘိုင်းအခြေစိုက် အဘူဒါဘီအုပ်စုအနေဖြင့် မန်စီးတီးအသင်းအား ဝယ်ယူခဲ့ပြီးနောက် ဒုတိယမြောက် ပရီမီယာလိဂ် အသင်းတစ်သင်းအား ဝယ်ယူရန်ကြိုးစားခြင်းပင်ဖြစ်သည်။

မိမိအနေဖြင့် ရောမမြို့တွင် ကျင်းပသည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကြည့်ရှုအားပေးရန် သွားရောက်စဉ် ပို့စ်မောက် အသင်းပိုင်ရှင် အလက်ဇန္ဒားဂေးဒါမက်နှင့် တွေ့ဆုံဆွေးနွေး သဘောတူညီခဲ့ပြီဖြစ် ကြောင်း ဒေါက်တာစူယေမန်အယ်လ်ဖာဟင်က ပြောကြားသည်။

ပို့စ်မောက်အသင်းကို ဝယ်ယူမည့် ငွေကြေးပမာဏကို တရားဝင်ထုတ်ဖော်မပြောကြားသော်လည်း မိမိတို့သည် မကြာမီအပြီးသတ် အသင်းလွှဲပြောင်းရေး စာချုပ်ချုပ်ဆိုနိုင်တော့မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ။

**(အင်တာနက်)**



# အင်နီယေစတာသည် အကောင်းဆုံး ဘောလုံးသမားဖြစ်ကြောင်း ရှွန်နေပြောကြား

ရောမ မေ ၂၈

ချန်ပီယံလိဂ်ဖလားကို ဘာစီလိုနာတို့ နှစ်ဂိုးပြတ်ဖြင့် မန်ယူကို အနိုင်ရရှိခဲ့သည့် ပွဲတွင် ဘာစီလိုနာအသင်း၌ ပါဝင်ကစားခဲ့သော အင်နီယေစတာအားကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးကဲ့သို့ ကစားသွားနိုင်ကြောင်း မန်ယူ တိုက်စစ်မှူး ရှွန်နေက ချီးကျူးပြောကြားသည်။

အင်နီယေစတာသည် မန်ယူကစားသမား တိုက်စစ်ဆင်ကစားမှုများကို ဖြတ်တောက်ဟန့်တားဖြတ်တောက်နိုင်ခဲ့သူဖြစ်ကြောင်း၊ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားရာတွင် စွမ်းဆောင်မှုအပြည့်ပေးနိုင်သူ ဖြစ်ကြောင်း ရှွန်နေက ဆက်လက်ပြောကြားသည်။

အင်နီယေစတာသည် မိမိ၏ ထိုးဖောက် ကစားမှုများကိုလည်း ပါးနပ်စွာ ဟန့်တားဖြတ်တောက်နိုင်ခဲ့သူဖြစ်ကြောင်း၊ မိမိအနေဖြင့် ၎င်းအား ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဟု သတ်မှတ်လိုကြောင်း ရှွန်နေက ပြောကြားသည်။ (အင်တာနက်)

# အမေရိကန် အဆင့်(၃) တင်းနစ်မယ် ဗီးနပ်စ်ဝီလျံ ပြင်သစ် အိုးပင်း နောက်ဆုံးအဆင့်ပြိုင်ခွင့်ရ

ပဲရစ် မေ ၂၈

အမေရိကန် တင်းနစ်ကြယ်ပွင့် ဗီးနပ်စ်ဝီလျံသည် ပြီးခဲ့သည့် မေ ၂၈ ရက်က ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်(၁၃)ရှိ ပြင်သစ် တင်းနစ်မယ် မာရီယွန်ဘာတိုလီအား အနိုင်ရရှိ ပြီးနောက် ပြင်သစ် အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ပါဝင်ရမည့်နောက်ဆုံး၃၂ဦး စာရင်းသို့ ဝင်ရောက်သွားခဲ့ပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

**အနိုင်ရရှိ**

အမေရိကန်အဆင့်(၃)ရှိ တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ၂၀၀၂ခုနှစ်က ညီမဖြစ်သူ ဆီရီနာဝီလျံကို အနိုင်ရရှိခဲ့သည်။ သို့သော်

လည်း လွန်ခဲ့သောနှစ်နှစ်က တတိယအဆင့် ပတ်လည်ပြိုင်ပွဲမှပင် ထွက်ခဲ့ရသော ဗီးနပ်စ်ဝီလျံသည် တတိယအဆင့် ပတ်လည်ပြိုင်ပွဲ ကစားစဉ်က ချက်သမ္မတနိုင်ငံမှ လူစီဆာဖာရီဗာအား ၆-၇(၅/၇)၊၆-၂၊၇-၅ ဖြင့် အနိုင်ရရှိခဲ့သည်။

**(အင်တာနက်)**

ချစ်စိုးနိုင် - စုစည်းတင်ပြသည်

# အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားလို ချယ်လ်ဆီးအသင်း ကွင်းလယ်မှ ဒေကိုဖွင့်ဟ

လန်ဒန် မေ ၂၈

**အီတလီသို့ပြောင်းရွှေ့ရန်နှင့် နည်းပြမော်ရင်ဟိုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် အင်တာမီလန်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း ချယ်လ်ဆီးကွင်းလယ် ကစားသမားဒေကိုက ထုတ်ဖော်ပြောကြားခဲ့သည်။**

ပေါ်တူဂီကစားသမားဒေကိုသည် ဘာစီလိုနာမှ ထွက်ခွာခဲ့ပြီးနောက် လွန်ခဲ့သော နွေရာသီက စတန်းဖို့ဒ်ဘရစ်ချ်သို့ ပြောင်းရွှေ့ခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ခြေစွမ်းပြခဲ့သည်။ ဒေကိုသည် မကြာသေးမီက သူ၏စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီးနောက် စိတ်ပျက်မိခဲ့ကြောင်း၊ စီးရီးအေအနေဖြင့် မိမိအားပြောင်းရွှေ့ကစားခွင့် အခွင့်အရေးကိုပေးမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

မိမိအနေဖြင့် အင်တာမီလန်သို့ ပြောင်းရွှေ့မည်ဟု အတည်ပြုနိုင်ကြောင်း၊ ယခုနှစ်တွင် ချယ်လ်ဆီး၌ ခြေစွမ်းမပြနိုင်ဖြစ်ခဲ့ပြီး အီတလီသို့ပြောင်းရွှေ့ခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ထင်ကြောင်း ဒေကိုက သည်ဆန်းသို့ ပြောကြားခဲ့သည်။ (အင်တာနက်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) | ၄၂၀၈ ချပ် | ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |

**ဆက်သွယ်နိုင်**

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

■ *ကျောဖုံးမှ*

**ရှန်းကန်ခဲ့ရ**

ပွဲဦးထွက်ပွဲစဉ်မှာ မကွေး F.C ကို အပြန်အလှန်လိုက်ကစားပြီး တစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့ Delta United အသင်းဟာ အခုပွဲမှာတော့ အံ့သြစရာ ကောင်းလောက်အောင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေခဲ့ပြီး အမှတ်ဗလာနဲ့ မျက်နှာ

**ပြိုင်ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် Delta United အသင်းမှ အသင်းခေါင်းဆောင် စိုးသီဟအောင် ဖြေကြားစဉ်။**

(မြန်မာ့အလင်း)

ပန်းမလှခဲ့တာ ဖြစ်ပါတယ်။ စိုးသီဟအောင်၊ ကျော်ခိုင်ဝင်း၊ သီဟစည်သူ၊ လှအေးထွေးတို့အပြင် အာဂျင်တီးနားကစားသမားတွေဖြစ်တဲ့ ရီဒရီဂို၊ ဖာနန်ဒိုနဲ့ လီယွန်တို့ပါဝင်လာတဲ့ Delta United အသင်းဟာ ဦးဆောင်ဂိုး သွင်းပြီးမှ နှစ်ဂိုးပြန်ပေးရပြီး အရေးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှာ အားထားရတဲ့ အောင်ကျော်မျိုးနဲ့ ဆန်းဒေးသိန်းတို့ မပါဝင်နိုင်တာကြောင့်လည်း Delta United ဂိုးရဖို့ ရှန်းကန်ခဲ့ရတယ်ဆိုရင် မမှားပါဘူး။

**ပြင်းထန်လာ**

လူစုံနီးပါးပါဝင်လာတဲ့ Delta United အသင်းဟာ ပွဲစကတည်းက ကစားကွက်တည်မရခဲ့ပါဘူး။ စိုးသီဟအောင်၊ ဖာနန်ဒို၊ ကျော်ခိုင်ဝင်းတို့ရဲ့ ကွင်းလယ်ဟာ အမှားများနေပြီး အာဂျင်တီးနား တိုက်စစ်မှူး ရီဒရီဂိုကလည်း ခြေမပေါ်ခဲ့ဘဲ မကြာခဏ လူကျံ့ ဖြစ်နေပါတယ်။ Delta United F.C ဟာပထမပိုင်းတစ်ပိုင်းလုံး ထိရောက်တဲ့ ဂိုးသွင်းခွင့်တစ်ကြိမ်သာရခဲ့ပြီး ပထမပိုင်းပြီးခါနီးမှာ ရီဒရီဂိုရဲ့ အနီးကပ် ခေါင်းတိုက်ချက်သာ ရှိခဲ့ပါတယ်။ ဥဿာယူနိုက်တက် အသင်းကတော့ ကမ္ဘောဇကို အရေးနိမ့်ခဲ့တဲ့ပွဲက ကစားပုံထက် ပိုကောင်းလာသလို နိုင်လိုစိတ်လည်း ပြင်းထန်လာတာကြောင့် Delta United ကို ခြေရည်တူလိုက်ကစားနိုင်ခဲ့ပါတယ်။ ဟိန်းရာဇာဝင်း၊ မိုင်အိုက်နိုင်နဲ့ ကျော်သက်ဦးတို့က တိုက်စစ်ကို အဓိက ပုံဖော်ကစားခဲ့ပြီး အဆုံးသတ်ပိုင်းအားနည်းခဲ့လို့သာ ဂိုးမရခဲ့တာ ဖြစ်ပါတယ်။

**အောင်ပွဲခံ**

ဒုတိယပိုင်းပြန်အစမှာတော့ Delta United ကစားအားပြန်တင်လာပြီး ဖာနန်ဒိုအစားဝင်လာတဲ့ တင်ဇော်မိုးကြောင့်လည်း

**အကောင်းဆုံး ဘောလုံးသမားဆုရ ကျော်သက်ဦး ဆုယူအပြီး တွေ့ရစဉ်။**

(မြန်မာ့အလင်း)

တောင်ပံတိုက်စစ် ပိုကောင်းလာပါတယ်။ ၅၅ မိနစ်မှာတော့ Delta United F.C ဂိုးစရသွားပြီး ရီဒရီဂို ကန်တင်ပေးတဲ့ ဘောလုံးကို လှအေးထွေးက ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာတော့ Delta United အသင်းဟာ ဆက်ဖိကစားရမယ့်အစား ခံစစ်ကိုအားပြုကစားနေလို့ ဥဿာယူနိုက်တက်အသင်းပြန်ဖိလာနိုင်ပါတယ်။ ဥဿာယူနိုက်တက်အသင်းရဲ့ လူစားလဲမှုတွေဟာ မှန်ကန်ခဲ့တယ်လို့ ပြောရမှာဖြစ်ပြီး လူစားလဲမှုတွေ ပြုလုပ်အပြီးမှာ သိသိသာသာ ကစားအားတက်လာပါတယ်။ ဥဿာယူနိုက်တက်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ နိုင်လိုစိတ်ပြင်းထန်မှုတွေဟာ Delta United ခံစစ်ကြောင်းကို ပြိုဆင်းစေခဲ့ပါတယ်။ ၇၅ မိနစ်မှာ ကျော်သက်ဦးရဲ့ ကန်ချက် Delta United နောက်ခံလူ မျိုးဝင်းထွဋ်နဲ့ထိကာလမ်းကြောင်းပြောင်းပြီး

**ဥဿာယူနိုက်တက် F.C အသင်းမှ နည်းပြဆရာဦးဝင်းတင် သတင်းစာ ဂျာနယ်များ၏မေးမြန်းချက်များကို ဖြေကြားစဉ် ။**

(မြန်မာ့အလင်း)

ဂိုးဝင်သွားလို့ ဥဿာယူနိုက်တက်ချေပဂိုး ပြန်ရသွားပါတယ်။ အဲဒီဂိုးကတော့ ပွဲရဲ့ အဖြေဖြစ်သွားပြီး ချေပဂိုးပြန်ရသွားတဲ့ ဥဿာယူနိုက်တက်ကစားသမားတွေ စိတ်ဓာတ်တက်ပြီး တရစပ်ဖိကစားခဲ့ပါတယ်။ ဥဿာယူနိုက်တက်အတွက် အနိုင်ဂိုးကို လူစားဝင်လာတဲ့ ကျော်ဖြိုးဦးက မိနစ် ၈၀မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ ပွဲအပြီးမှာတော့ ဥဿာယူနိုက်တက်အသင်းသားတွေနဲ့ ပရိသတ်တွေကတော့ ဘင်သံတည်ညံ့နဲ့ အောင်ပွဲခံသွားပါတယ်။

**ပေးအပ်ချီးမြှင့်**

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ကျော်သက်ဦး(ဥဿာယူနိုက်တက်)ကို Grand Royal မှ ကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ဥဿာယူနိုက်တက်ကို ကမ္ဘောဇဘဏ် လီမိတက်က ကျပ် ၁၀ သိန်းပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

**ပါဝင်ကစား**

ဥဿာယူနိုက်တက်မှာ **ဂိုး**-ကိုကိုအောင်၊ **နောက်တန်း**-ညီညီအောင်၊ မျိုးဝင်းအောင်၊ နီမောင်မောင်အောင်၊ ကျော်စိုးလွင်၊ **အလယ်တန်း**-စောမြတ်အေး၊ ကျော်သက်ဦး၊ ခိုင်ထူး (ကျော်ဖြိုးဦး)၊ မိုင်းအိုက်နိုင် (ဇင်မင်းထက်)၊ ဇင်မျိုးဝင်း (သန်းဇော်လင်း)၊ **ရှေ့တန်း**-ဟိန်းရာဇာဝင်းတို့ပါဝင်ကစားခဲ့ကြပြီး Delta United F.C မှာ **ဂိုး**-သီဟစည်သူ၊ **နောက်တန်း**-ထွန်းလင်းအောင်၊ မျိုးဝင်းထွဋ်၊ လီယွန်၊ ဇော်မျိုးမင်း၊ **အလယ်တန်း**-စိုးသီဟအောင်(မင်းမင်းထွန်း)၊ ဖာနန်ဒို(တင်ဇော်မိုး)၊ ဇင်မျိုးအောင်(အောင်ကျော်ထွန်း)၊ ကျော်ခိုင်ဝင်း၊ **ရှေ့တန်း**-လှအေးထွေးနဲ့ ရီဒရီဂိုတို့ ပါဝင်ကစားခဲ့ကြပါတယ်။

**ကွဲ့ခိုင်မှုမကောင်း**

Delta United နည်းပြချုပ် ဦးဆန်းဝင်းက "ကျွန်တော်တို့အသင်းနည်း ပရိယာယ်ကြောင့်ရော ကစားသမားတွေ ကြိုးစားအားထုတ်မှုနည်းလို့ ရှုံးခဲ့တာပါ။ ဒီနေ့ပွဲမှာ အသင်းဟာ ကစားပုံမကောင်းခဲ့ပါဘူး။ ဂိုးရပြီး နောက်ပိုင်းမှာလည်း နောက်ဆုတ်ခံနေလို ဂိုးပေးလိုက်ရတာပါ။ အာဂျင်တီးနား ကစားသမားသုံးဦးဟာ အသင်းနဲ့အံမဝင်သေးသလို ကွဲ့ခိုင်မှုလည်း မကောင်းသေးပါဘူး။ ဥဿာယူနိုက်တက်ကတော့ အနိုင်နဲ့ထိုက်တန်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

**ပြင်ဆင်**

ဥဿာယူနိုက်တက် နည်းပြချုပ် ဦးဝင်းတင်က "ကျွန်တော်တို့အသင်း ပထမပွဲမှာ ရှုံးနိမ့်ထားလို့ ဒီပွဲကို အသေအချာ ပြင်ဆင်ခဲ့ပါတယ်။ ပြိုင်ဘက်အသင်းရဲ့ ကစားပုံကို ကြည့်ပြီး လူအပြောင်းအလဲ လုပ်ခဲ့ပါတယ်။ ကျွန်တော့်ကစားသမားတွေ နိုင်လိုစိတ်ပြင်းထန်လို့ အနိုင်ရတာပါ။ ကစားသမားတွေကိုလည်း ပွဲတိုင်းအနိုင်ရဖို့ ပြင်းပြင်းထန်ထန်ကြိုးစားဖို့ မှာထားပါတယ်။ နောက်ပွဲတွေကိုလည်း အနိုင်ရဖို့ ကြိုးစားသွားမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

**၃၀-၅-၂၀၀၉**

**သုဝဏ္ဏကွင်း**

| | | |
|---|---|---|
| ဧယျာရွှေမြေ | - | F.C |
| မကွေး | - | F.C |

**(မြန်မာ့အလင်း)**

**မေ ၂၈ရက် ပွဲစဉ်အပြီး အသင်းများ၏ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ကမ္ဘောဇ | ၂ | ၂ | - | - | ၄ | - | ၆ |
| ၂ | မကွေး | ၂ | ၁ | ၁ | - | ၃ | ၁ | ၄ |
| ၃ | ရတနာပုံ | ၂ | ၁ | ၁ | - | ၂ | - | ၄ |
| ၄ | ရန်ကုန်ယူနိုက်တက် | ၂ | ၁ | - | ၁ | ၄ | ၂ | ၃ |
| ၅ | ဥဿာယူနိုက်တက် | ၂ | ၁ | - | ၁ | ၂ | ၄ | ၃ |
| ၆ | Delta United | ၂ | - | ၁ | ၁ | ၂ | ၃ | ၁ |
| ၇ | ဧယျာရွှေမြေ | ၂ | - | ၁ | ၁ | - | ၄ | ၁ |
| ၈ | Southern Myanmar | ၂ | - | - | ၂ | - | ၃ | - |

## ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားသူကြီး အတွေ့အကြုံ ရှင်းလင်း

**လားရှိုး မေ ၂၈**

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးအတွေ့အကြုံများ ရှင်းလင်းပွဲကို မေ ၂၃ရက် မွန်းတည့် ၁၂နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားသူကြီးဦးကျောက်က မေ ၁၁ရက်မှ ၁၃ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စများကို မှာကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ကတ္တရာလမ်းခင်းရန် ကျောက်စုဆောင်း

**နောင်ချို မေ ၂၈**

၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် ရွှေပြည်စိုးလမ်းသွယ် (၁+၂)ကတ္တရာခင်းရန်ကျောက်များ စုဆောင်းနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းမှာ အရှည်ပေ၇၄၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၆၁၁၀၀၀၀ အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ထန်းတပင် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ကို မေ ၁၉ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

သင်တန်းသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၈၀တက် ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

**ဥတုရာသီ တောကိုမှီ၏**

## အမည်ပြောင်း

အဖ ဦးညွန့်မင်း၏ သမီး ဧရာဝတီတိုင်း ညောင်တုန်းမြို့ အထက(၁) ပဉ္စမတန်း(A)မှ မမေယွန်းလဲ့နဒီအား မမေယွန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေယွန်းသန့်။**

## ဖခင်အမည်မှန်

ကျိုက်လတ်မြို့ ကညင်၊ ဖားအုပ်စု မရမ်းဝ အထက(၁) တွဲဖက် သတ္တမတန်းမှ မချိုချိုလွင် ၁၄/ကလန(နိုင်)၁၄၃၀၃၁နှင့် ကညင်၊ ဖားအုပ်စု အမက ဒုတိယတန်းမှ မဝါဝါလွင် တို့၏ ဖခင်အမည်မှန်မှာ ဦးမိုးမြင့် ၁၄/ကလန(နိုင်) ၀၆၅၀၅၁ ဖြစ်ပါသည်။ **ဦးမိုးမြင့်။**

## တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း၊၇ရပ်ကွက်ရှိ တိုက်အမှတ် ၈၇/၉၃မှ လေးလွှာ၊ငါးလွှာ၊ ခြောက်လွှာ၊ ခုနစ်လွှာ၊ ရှစ်လွှာ တိုက်ခန်းများ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

**ဆက်သွယ်ရန်-ဖုန်း-၇၀၈၃၆၃၊ ၅၃၈၆၈၂၊ ၅၃၈၇၁၆။**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏ သမီးဖြစ်သူ မဝတ်ရည်ရွှေ ၅/ခဥန(နိုင်) ၀၇၇၄၄၆သည် မိဘများစိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်ရွှေ-ဒေါ်လှဝင်းမြင့် အောင်ချမ်းသာရပ်၊ ခင်ဦးမြို့။**

# တစ်နှစ်ပြည့်မွေးနေ့ဆုမွန်လွှာ

ချစ်သမီးဦးရတနာ **"မေစင်ကို(ခ) ပိုးအိ"** ၏ ၂၉-၅-၂၀၀၉ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ကျန်းမာ၊ ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသိမ်မွေ့သော သမီးကောင်းရတနာ ဖြစ်ပါစေ-

**ဖေဖေ - ဗိုလ်မှူးကိုကိုတင်(ငြိမ်း) ညွှန်ကြားရေးမှူး ပညာရေးဝန်ကြီးဌာန**

**မေမေ - ဒေါ်အိအိဝင်းသူ၊ အထက(၆) နေပြည်တော် နှင့် နှစ်ဖက်မိသားစုများ။**

# လက်ထပ်ထိမ်းမြားပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ဧမြဝတီရပ်နေ ပွဲစားကြီးဦးဘထိုက်-ဒေါ်စိန်မေ၊ မန္တလေးမြို့၊ မလွန်ဈေးဟောင်းရပ်နေ စိုက်ပျိုးရေးဝန် ဦးတင်လတ် (B.Sc,Agri)-ဒေါ်မမကြီးတို့၏မြေး
မန္တလေးမြို့၊ မလွန်ဂျင်းတန်း၊ အမှတ် ၃၂၃/၇နေ
ဦးထွန်းအောင်ကျော်(အမြတ်ခွန်)-ဒေါ်ကြူကြူအေး(မျိုးဆက်-ကားဂိတ်) တို့၏တစ်ဦးတည်းသောသား

**မောင်မျိုးသီဟကျော်** နှင့်

မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့၊ ပရိက္ခရာရပ်နေ ဦးဘညွှန့်(ရဲအရာရှိဟောင်း)-ဒေါ်ခင်ကြည်၊ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ တံခွန်တိုင်ကျေးရွာနေ ဦးမြသောင်း-ဒေါ်လေးမျှင်တို့၏မြေး
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နှင်းဆီလမ်း၊ တိုက် (A-4)၊ အမှတ် ၄၀၄နေ
ဦးသိန်းစိုး-ဒေါ်ယဉ်ကြည်တို့၏ သမီးကြီး

**မဝင်းမြတ်မော် (ခ) မမော်ဇင်**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၈-၅-၂၀၀၉ရက် (ကြာသပတေးနေ့)တွင် တက္ကသိုလ်ရိပ်သာလမ်းသစ်၊ မိုးကုတ်ဝိပဿနာ၊ ဇနိတာရာမကျောင်းတိုက်၌ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်မျိုးသီဟကျော်-မဝင်းမြတ်မော်(ခ)မမော်ဇင်။**

# (၄၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

ဖေဖေ **ဦးကြည်အေး** (ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငြိမ်း) နှင့် မေမေ **ဒေါ်ခင်ခင်ဆွေ** [ထွေ/ဂျာ(ငြိမ်း)၊ ကုန်သွယ်/ဆေး]တို့၏ ၃၀-၅-၂၀၀၉ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာရက်များအထိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဒါန၊ သီလ၊ ဘာဝနာ ပါရမီများကို ဆက်လက်တိုးပွား ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

**သားကြီး -ဦးကျော်ဆန်းဦး-ဒေါ်အေးအေးချို**
**သားလတ် -ဦးတင်ထွန်းဝင်း**
**သားငယ် -ဦးမင်းသိမ်း (ဒု-ညွှန်မှူး၊ MOFA )-**
**ဒေါ်မျိုးပပထွန်း (ဌာနစုမှူး၊MOFA)**
**သမီး -ဒုတိယဗိုလ်မှူးကြီးစိုးပိုင်-ဒေါက်တာဆွေဇင်ဝင်း**
**မြေးများ -သီဟန်ကျော်ဆန်း၊ ထက်မြက်မင်း၊ ကြည်ဇင်ပိုင်၊ ကောင်းခန့်မင်း။**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဧယျာခေမာလမ်း၊ အမှတ် (၃၄၉/B) နေ
ဒေါက်တာဦးကျော်လွင် (YIC Medical Services)-ဒေါ်စန်းစန်းဆွေတို့၏သားကြီး

**ဒေါက်တာဖြိုးဆွေကျော် M.B.,B.S (Ygn)**

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အမှတ်(၄၈)နေ
ဦးကျော်မြင့် (2nd Engineer,Wallem Ship Management Ltd.)-ဒေါ်တင်တင်မော်
တို့၏သမီးကြီး

**ဒေါက်တာဖြိုးမြင့်မြတ်သူ M.B.,B.S (Ygn)**

တို့၏ ၂၄-၅-၂၀၀၉ရက်တွင် Traders Hotel (Myanmar Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးအေးမောင်ဟန်နှင့် ဇနီး ဒေါက်တာဒေါ်သီရိထွန်းမြင့် တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာ ဦးသက်ခိုင်ဝင်းနှင့် ဇနီး ဒေါ်မာဝင်းခိုင်တို့အားလည်းကောင်း၊ ၂၁-၅-၂၀၀၉ရက်တွင် ဇီဝိတဒါန သံဃာ့ဆေးရုံ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တွဲဖက်တိုင်းတရားသူကြီး(၇) ဒေါ်အေးအေးမူ(ရန်ကုန်တိုင်းတရားရုံး)အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာထက်အိန္ဒြေအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာလှဲ့မွန်စိုး၊ သတို့သားအရံ ဒေါက်တာနေအောင်လင်းနှင့် ဒေါက်တာသက်တင်စိုး၊ သတို့သမီးအရံ ဒေါက်တာ ပြည့်ဖြိုးနိုင်နှင့် ဒေါက်တာဖြူမာသင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်စိုးစန္ဒာထွန်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Cupid တေးဂီတအဖွဲ့နှင့် မေတ္တာဖြင့်သီဆိုပေးသော သူငယ်ချင်း L လွန်းဝါအားလည်းကောင်း၊ ပန်းအလှပြုပြင်ပေးသော Sandy Floral Services အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော အေးဇော်မိုး(စက်မှု)နှင့် အဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော အန်တီမေသန်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မအိကျော်ဇင် (Vivid) အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးသော အောင်ကျော်သိန်းပုံနှိပ်တိုက်အားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲကျင်းပသော Western Park Ruby မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဖြိုးဆွေကျော်-ဒေါက်တာဖြိုးမြင့်မြတ်သူ။**

## ကျွန်းနှင့်သစ်မာစိုက်ပျိုးရေး မြောင်းမြ၌ပညာပေး

**မြောင်းမြ မေ ၂၈**

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉ခုနှစ်၊ မိုးရာသီတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာယူကလစ်ပင်၂၀ စိုက်ပျိုးရေးအတွက် ပညာပေးရှင်းလင်းပွဲကို မေ ၁၆ရက်တွင် မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကညင်ကွင်းကျေးရွာအုပ်စု တွဲဖက်အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်ခဲ့**

ရှင်းလင်းပွဲတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားခဲ့ပြီး **(အပေါ်ပုံ)** မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်လှိုင်ဝင်းက ၂၀၀၉ မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ကျွန်းနှင့် သစ်မာ(ယူကလစ်)ပင်များ ပျိုးထောင်ထားရှိမှုနှင့် မိုးရာသီအတွင်း အချိန်မီစိုက်ပျိုးနိုင်ရေး ဖြန့်ဝေသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ တောင်ပေါ်စုကျေးရွာမှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးလက်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း၌ ပန်းအလှပင်များ သာယာလှပရေးနှင့် ပေါင်းမြက်များ သန့်ရှင်းရေးလုပ်ငန်းများကို တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)


# ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်၁၃၇ တွင် တည်ရှိသော နိုင်နိုင်အောင် ကုမ္ပဏီလီမိတက်နှင့် အာရှ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

(၄/၃၅၅၃/၂၀၀၉)

အထက်ပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ် အမျိုးအစား သတ်မှတ်ချက် (Int'L Classes 29 နှင့် 31) တို့တွင် အကျုံးဝင်သည့် ငါး၊ ပုစွန်၊ ကဏန်း၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ငါးမှုန့် အစရှိသော ရေထွက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုပ်ပိုးမှု ပုံစံအမျိုးမျိုးဖြင့် ပြည်တွင်း ပြည်ပ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် လိုအပ်သလို သုံးစွဲသွားမည်ဖြစ်ပါသည်။ မည်သူမဆို အဆိုပါ ကုန်အမှတ်တံဆိပ်ကို နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်နှင့် အာရှအပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းအောင် B.Sc.,R.L.,D.B.L တရားရုံးချုပ်ရှေ့နေ**
**အခန်း(၁၀၄)၊ အမှတ် ၅၆၇၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၆၃၁၈။**
**ရက်စွဲ-၂၉ရက်၊ မေလ၊ ၂၀၀၉ခုနှစ်။**


## ကျေးရွာချင်းဆက်တံတား မြောင်မြို့နယ်၌ ဆောက်လုပ်

**မြောင် မေ ၂၈**

မြောင်မြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းများ ရာသီမရွေးသွားလာနိုင်ရေးအတွက် မြို့နယ်စည်ပင်မှလည်းကောင်း၊ ဒေသခံပြည်သူများမှလည်းကောင်း ဆောင်ရွက်လျက်ရှိရာ မြောင်-ပရိမ္မလမ်းမကြီးဘေးရှိ ဆွဲလဲအိုကျေးရွာမှ ခွဲထွက်သော ပေါက်တောကျေးရွာ သွားသည့်လမ်းပေါ်ရှိ ရေစီးမြောင်းမကြီးတွင် ကျပ်သိန်း ၂၀ တန်ဖိုးရှိ ကျောက်စီ ကွန်ကရစ်တံတားတစ်ခုကို မန္တလေးမြို့ စိန်ပန်းရပ်နေ ဦးမောင်ကို-ဒေါ်တင်စိန်တို့က ကျပ်၁၅သိန်း မတည်၍ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုကို မေ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာဦးဗိုလ်ဆန်းတို့ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ တံတားမှာ အလျားပေ၂၀၊ အနံ၁၀ပေ အမြင့်၅ပေရှိပြီး ပေါက်တောကျေးရွာနှင့် ဆက်စပ်လျက်ရှိသော သာဒွန်း၊ အညွှန့်၊ မင်းတန်းကျေးရွာများမှ ပြည်သူများ မြောင်မြို့သို့ ရာသီမရွေး သွားလာနိုင်ရန် မိုးရာသီမရောက်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

## စုပေါင်းသန့်ရှင်းရေး ပဲခူးတွင် ဆောင်ရွက်

**ပဲခူး မေ ၂၈**

ပဲခူးမြို့တွင်း သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများကိုမေ၂၃ရက်က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်းအင်အား ၅၀၀ ပူးပေါင်းပြီး ဆေးရုံတစ်ဝိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးထွန်းသန်းက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ပန်ဟတ်-မနော်ကျေးလက်မြေသားလမ်း လုပ်ငန်းဆောင်ရွက်ထားမှုကို မေ၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသော မဟာစည်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဧပြီ ၂၆ရက်က လမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

# စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ သံတွဲတွင်ကျင်းပ

သံတွဲ မေ ၂၀

**ရခိုင်ပြည်နယ် သံတွဲခရိုင် ၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းက သံတွဲခရိုင်၏စတုတ္ထကာလ ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

## အစီအမံ

ဆက်လက်၍ ခရိုင်အတွင်းရေးမှူး ဦးမောင်မောင်က ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးငွေဝင်းက ၂၀၀၉-၂၀၁၀ခုနှစ် ခရိုင်အတွင်း မိုးစပါးတိုးချဲ့စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

## တာဝန်ပေးအပ်

ထို့နောက် သံတွဲခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများ ပေးအပ်ရာ သံတွဲမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ တောင်ကုတ်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း၊ ဂွမြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဦး၊ ကျိန္တလီမြို့ဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ မအီမြို့ဥက္ကဋ္ဌ ဦးလှမျိုးကျော်တို့က လက်ခံယူကြသည်။

## လက်ခံယူ

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က ဌာနဆိုင်ရာများကို ၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်လွှာကို ပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

# လောင်းလုံး၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

လောင်းလုံး မေ ၂၃

**ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သဖြေရှောင်ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် အဆောက်အအုံသစ်များဖွင့်ပွဲကို မေ ၁ရက် နံနက် ၉နာရီခွဲက သဖြေရှောင်ကျေးရွာ ဘဝအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။**

ရှေးဦးစွာ သဖြေရှောင်ကျေးရွာ ဘဝအလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ကို ရပ်မိရပ်ဖဦးစစ်သီး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစောဝင်းတင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

## ရှင်းလင်းပြောကြား

ထို့နောက် သဖြေရှောင်အုပ်စုလုံးကျွတ် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို သဖြေရှောင်ကျေးရွာရှိ ဘဝအလင်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်းပြောကြားသည်။

## လှူဒါန်း

ဆက်လက်၍ လောင်းလုံး မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့သည် သဖြေရှောင် ကျေးရွာအုပ်စုရှိ ရဘဲအင်းကျေးရွာ ဘဝဗိမာန်စာကြည့်တိုက်သို့လည်းကောင်း၊ သံလျင်ကျေးရွာ ဘဝပျိုးခင်းစာကြည့်တိုက်သို့လည်းကောင်း၊ ဟင်းချိုတောကျေးရွာ ပညာအားမာန်စာကြည့်တိုက်သို့လည်းကောင်း လှည့်လည်ကြည့်ရှုအားပေး၍ စာအုပ်စာတမ်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ပင်းတယမြို့နယ် ကူးကော် ကျေးရွာအုပ်စု ဝါးပြား-အင်းခေါင်း ကျေးလက်ကျောက်ချောလမ်းကို ကူးကော်အုပ်စုမှ ပြည်သူများ ဆောင်ရွက်လျက် ရှိရာသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ပေးစဉ်။**
(မြို့နယ်ပြန်/ဆက်)

**ဘုရားသုံးဆူမြို့ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် လမ်းဘေးရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထုံးဖြူးခြင်း လုပ်ငန်းကို မြို့တာဝန်ခံ ဦးရဲလင်းဦးနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# သာယာဝတီမြို့နယ်၌ ပန်းတိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**သာယာဝတီ မေ ၂၂**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ကျောက်တွင်းကျေးရွာအုပ်စု ကျောက်တွင်းကျေးရွာ ပန်းတိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ **(အောက်ပုံ)**နှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၁၇ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ကြောင်းနှင့် ကျောက်တွင်းကျေးရွာဥက္ကဋ္ဌ ဦးခင်စိန်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံအကြောင်း ဆွေးနွေးသည်။

## လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာအုပ်စာစောင် အုပ် ၁၂၀ကို လည်းကောင်း၊ သာယာဝတီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုထွန်းက စာအုပ်စာစောင် စုစုပေါင်း အုပ်၂၀၀ကိုလည်းကောင်း အသီးသီးလှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ရွှေဘို၌ ခြင်ဆေးဖျန်းဆောင်ရွက်

**ရွှေဘို မေ ၁၈**

ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်မှုကို မေ ၂ရက်က ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်နု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးအောင်တို့က လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများဖြင့် လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးအောင်က အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်သို့ ရောက်ရှိပြီး ရေမြောင်းများရေစီးရေလာကောင်းမွန်ရေး၊ မီးဘေးလုံခြုံရေးအတွက် လမ်းများတိုးချဲ့နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

အလားတူလုပ်ငန်းများအား မြို့ပေါ်ရပ်ကွက်များအတွင်း အုပ်စုခွဲ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

**မြို့နယ်**
**သတင်းများ**

**ရန်ကုန်မြို့နေ ဦးကြည်-ဒေါက်တာ မိမိစိန် မိသားစုက မုဒုံမြို့ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂုဏ်ပြုလွှာကို ကော်မတီအတွင်းရေးမှူး ဦးလှသိန်းက ပြန်လည်ပေးအပ်စဉ်။** (ဘိုးဘွားရိပ်သာ)

# ပညာဒါနသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းနှင့် မိုးကောင်းလမ်းထောင့် ဘောက်ထော် အဝိုင်းလေး မှတ်တိုင်အနီးရှိ စာသင်တိုက်တွင် အင်္ဂလိပ်၊ ဂျပန်၊တရုတ်၊ ကိုရီးယား၊ ဂျာမန် ဘာသာစကား၊ အခြေခံစာရင်းကိုင်ပညာ၊ အီလက်ထရွန်နစ်ပညာ၊ စီးပွားဖြစ်စားသောက်ကုန်ထုတ်လုပ်နည်း၊ Hotel ဝန်ဆောင်မှုနှင့် ကွန်ပျူတာသင်တန်းများကို ပညာဒါန အပတ်စဉ်(၃၄)အဖြစ် မေ ၃၀ရက်၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် ဖုန်း-၄၀၀၁၆၃သို့ ဆက်သွယ်စုံစမ်းစာရင်းသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

**(ပညာရေး)**

**ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ်(၂)ရပ်ကွက် ပုလဲလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

29-5 (15).pmd 1 5/29/2009, 2:58 AM

# တောင်တွင်းကြီးမြို့နယ် ပြန်/ဆက်ဦးစီးဌာန ပညာလောကစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**တောင်တွင်းကြီး မေ ၂၃**

တောင်တွင်းကြီးမြို့နယ် တောင်လျှောင်းအုပ်စု စမ်းကုန်းကျေးရွာ ပညာလောကစာကြည့်တိုက် အဆောက်အအုံသစ်ကို မေ ၁၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်၊ မြို့နယ်စာကြည့်တိုက်များ အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

**လှူဒါန်း**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး စာရေးဆရာ တောင်တွင်းစိုးမိုးကျော်က စာပေထဲက ဗဟုသုတကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးကာ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ရုံး အဖွဲ့မှူး ဦးအောင်ကျော်ငြိမ်းနှင့် အလှူရှင် ၂၀တို့က ငွေကျပ် နှစ်သိန်းငါးသောင်းခန့် တန်ဖိုးရှိ သုတရသ ဂျာနယ် မဂ္ဂဇင်းမျိုးစုံ အုပ် ၇၂၀ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ စေတနာရှင်များက အလှူငွေနှင့် အာဟာရများ လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၂၃ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဦးမြအောင်- ဒေါ်မာမာသိမ်း မိသားစုတို့က (၂၅)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် တန်ဖိုးငွေကျပ် ၂၀၀၀၀၀ ရှိ အဘိုးအဘွားအသုံးအဆောင်ပစ္စည်းများနှင့် တစ်ရက်စာ အာဟာရများကို လှူဒါန်းပေးအပ်စဉ်။

(ဘိုးဘွားရိပ်သာ)

## ဝမ်ပုံဆည်အတွင်း ငါးမျိုးစိုက်ထည့်

**လွိုင်လင် မေ ၁၈**

လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော နမ့်စန်မြို့ ဝမ်ပုံဆည်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးမျိုး ငါးသန်ကောင်ရေ နှစ်သိန်းစိုက်ထည့်ခြင်း အခမ်းအနားကို ဧပြီ ၂၅ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ပုံဆည်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဆွေဦး၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဌေး၊ လွိုင်လင်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဆန်းဝင်း၊ နမ့်စန်မြို့နယ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ရှမ်း၊ ပအိုဝ် တိုင်းရင်းသားများ စုစုပေါင်း ၃၅၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## မြို့နယ် သတင်းများ

ထီးချိုင့် - ကျောင်းကုန်းလမ်းပေါ်ရှိ ချောင်းမောင်နမ တံတား ပြင်ဆင်တည်ဆောက်ရန်အတွက် မေ ၃ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ဦးဆောင်သောအဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ မြစ်သားတွင်ကျင်းပ

*မြစ်သား မေ ၁၂*

*မြစ်သားမြို့နယ်၏ ၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီခွဲက မြစ်သားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။*

*ရှင်းလင်း*

*အခမ်းအနားတွင် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များကို ကျေးရွာအုပ်စုအလိုက် စီမံကိန်းသီးနှံများအား ရှေ့တန်းမှူး ခုနစ်ဦးအားလည်းကောင်း၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများသို့ လည်းကောင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် အတွင်းရေးမှူး ဦးစိန်လွင်တို့က ပေးအပ်သည်။ ထို့နောက် မြစ်သားမြို့နယ်၏ ၂၀၀၉ -၂၀၁၀ စီမံကိန်းရည်မှန်းချက်များကို မြစ်သားမြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်လွင်က ရှင်းလင်းဆွေးနွေးသည်။*

*ဆက်လက်၍ မြစ်သားမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ ဘိုင်အိုဂက်ထရီ ပြုလုပ်သုံးစွဲနိုင်ရေးအတွက် ဘိုင်အိုဂက်ထရီများလှူဒါန်းခဲ့ကြောင်း သိရသည်။*

*(မြို့နယ် ပြန်/ဆက်)*

## မိုးသီးနှံများ စီမံကိန်းအကောင်အထည်ဖော်ရေး ပုလဲမြို့နယ်တွင် တာဝန်ပေးအပ်

*ပုလဲ မေ ၁၂*

*ပုလဲမြို့နယ်၏ ၂၀၀၉-၂၀၁၀ခုနှစ် မိုးသီးနှံများစီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲကို ဧပြီ ၃၀ ရက်က ပုလဲရတနာခန်းမ၌ ကျင်းပသည်။*

*ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက စီမံကိန်းသီးနှံများကို တာဝန်ပေးအပ်သည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရေး ဆွေးနွေးပြောကြားသည်။*

*တာဝန်ပေးအပ်*

*ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က စီမံကိန်း၏သဘောသဘာဝအရ သတ်မှတ်ရည်မှန်းချက်ပြည့်မီစွာ ဆောင်ရွက်ရေးတွင် ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ကြရေးကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးထွန်းက မြေယာစီမံခန့်ခွဲမှု နည်းလမ်းအရ စီမံကိန်းသီးနှံ တာဝန်ပေးအပ်ခြင်းအပေါ် အလေးထားဆောင်ရွက်ရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် နယ်မြေတာဝန်ခံ ဌာနဆိုင်ရာများအား သက်ဆိုင်ရာစခန်းနယ်မြေအလိုက် စီမံကိန်း တာဝန်ပေးအပ်လွှာများနှင့် စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းချက်များ တာဝန်ပေးအပ်သည်။* *(မြို့နယ် ပြန်/ဆက်)*

## မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမှတ်(၈၈) သစ်စက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၁၀ရက်က စက်ရုံမှူး ဦးဝင်းစိန်နှင့် စက်ရုံမီးသတ်ဝန်ထမ်းများ၊ အုတ်တွင်းမြို့မ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၁၆)

## ကျောက်မဲ၌ စည်းကမ်းမဲ့ယာဉ်များ စစ်ဆေးအရေးယူ

**ကျောက်မဲ မေ ၂၀**

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဦးဆောင်စီစဉ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်တရားရုံး၊ ဥပဒေရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတို့ ပူးပေါင်းပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် ကျောက်မဲမြို့အတွင်း ဖြတ်သန်းမောင်းနှင်လျက်ရှိသော ဆိုင်ကယ်များကို မေ ၁၇ရက်က အောင်ဆန်းလမ်းနှင့် ရွှေဖီဦးလမ်းထောင့်၌ ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ဦးထုပ်ဆောင်းခြင်း၊ မေးသိုင်းကြိုးတပ်ဆင်ခြင်း ရှိ မရှိတို့ကို စစ်ဆေးကြပြီး စည်းကမ်းမဲ့ဆိုင်ကယ်များကို စစ်ဆေးအရေးယူ ဆောင်ရွက်ကြသည်။

ကျောက်မဲမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်နှင့်အညီ ယာဉ်အန္တရာယ်ကင်းဝေးစေရန် အခြေခံပညာကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ မြို့တွင်းလမ်းဆုံများတွင် မီးပွိုင့်များတပ်ဆင်ထားရှိခြင်း၊ သတိပေးကြော်ငြာဘုတ်များ တပ်ဆင်ထားခြင်း၊ အပတ်စဉ် ရှောင်တခင်စစ်ဆေးခြင်းတို့ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကညန)**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်နီ ကျေးရွာအုပ်စု ကင်မွန်းကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဖွင့်ပွဲကို မေ ၁၆ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၂) ကျောင်းအုပ် ဆရာကြီး ဦးစိန်လှိုင်၊ကျေးရွာအဖွဲ့ဝင် ဦးဇော်ညွန့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်သီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မီးသတ်ပညာနှင့် အခြေခံစစ်ပညာ သင်တန်းဆင်း

**ဇန်းမော် မေ ၂၅**

ဇန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်ပညာနှင့် အခြေခံစစ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို မေ ၂၂ရက် နံနက် ၉နာရီက ဇန်းမော်မြို့ အထက(၁)အောင်တံခွန်ခန်းမ၌ ကျင်းပရာ ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူ သုံးဦးအား ဆုများချီးမြှင့်ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ မဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး(၉/၂၀၀၉)ကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးရာသီကာလအတွင်း ပြင်ဆင်ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်များကို အသေးစိတ်မှာကြားပြီး မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း **မှိုနှင့် အဆိပ်**

# မှိုတွင်ပါဝင်သော အဆိပ်ကြောင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ဟုဆို



*မှိုကို စားသုံးရာတွင် သန့်စင်စွာဆေးပြီး ချက်ပြုတ်မစားပါက ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း ပြင်သစ်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များက သတိပေးပြောကြားလိုက်သည်။*

### ဖြစ်ပွား

*မှိုသည် သဘာဝအလျောက် အဆိပ်ဓာတ်များ ပါဝင်လျက်ရှိသည့်အပြင် မှိုပွင့်၏မျက်နှာပြင်တွင် အဆိပ်အတောက်ဖြစ်စေသော အလွန်သေးငယ်သည့် မှိုပွင့်လေးများ ဖြစ်ပေါ်နေတတ်ကြောင်း၊ ထိုအရာများက လူ့ခန္ဓာကိုယ်တွင်း ကင်ဆာရောဂါဖြစ်ပွားစေနိုင်ကြောင်း သိရသည်။*

### အထူးသတိထား

*မှိုတွင် ဗီတာမင်ဓာတ်များပါရှိသော်လည်း စားသုံးရန်အတွက် အထူးသတိထားရမည့်* *စာမျက်နှာ ၈ ကော်လံ ၅* ❐

# ဥသဘာယူနိုက်တက်၏ နိုင်လိုစိတ် ပြင်းထန်မှုကြောင့် Delta United ရှုံးပွဲကြုံတွေ့ခဲ့ရ

- သတင်းမြင်ကွင်း - ဖိုးသော်ဇင်
- ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင်
- စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဧရာဝတီတိုင်းကိုယ်စားပြု Delta United F.C နှင့် ပဲခူးတိုင်း ကိုယ်စားပြု ဥသဘာယူနိုက်တက် F.C တို့ ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဥသဘာယူနိုက်တက် F.C က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

| | | |
|---|---|---|
| ဥသဘာယူနိုက်တက် F.C | - | နှစ်ဂိုး |
| Delta United F.C | - | တစ်ဂိုး |

## ထိုက်ထိုက်တန်တန်

နာမည်ကြီးကစားသမားများ ပါဝင်လာမှု၊ အာဂျင်တီးနားကစားသမားသုံးဦးကို မြန်မာနေရှင်နယ်လိဂ်အသင်းတစ်သင်းအနေဖြင့် ဈေးကြီးပေးခေါ်ယူထားမှုတို့ကြောင့် Delta United F.C ကို ဥသဘာယူနိုက်တက် F.C အနေနဲ့ အနိုင်ရဖို့ အခွင့်အလမ်းနည်းတယ်လို့ ပြောနိုင်ပေမယ့် ကြိုးစားအားထုတ်မှုကောင်းတဲ့၊ နိုင်လိုစိတ်ပြင်းထန်တဲ့ ဥသဘာယူနိုက်တက်ကစားသမားတွေကြောင့် ဘောလုံးဟာ ဘာမဆိုဖြစ်နိုင်တယ်ဆိုတာ သက်သေပြသွားခဲ့ပါတယ်။ ဂိုးသမား ကိုကိုအောင် တစ်ဦးတည်းသာ အတွေ့အကြုံရှိတဲ့သူပါပြီး ကျန်တဲ့ကစားသမားအများစုဟာ လူငယ်ကစားသမားတွေဖြစ်တဲ့ ဥသဘာယူနိုက်တက်အသင်းဟာ နိုင်လိုစိတ်ပြင်းထန်မှုနဲ့အတူ အနိုင်သုံးမှတ်ကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

Delta United F.C တိုက်စစ်မှူး ရိုဒရီဂို၏ ဂိုးသွင်းရန် ကြိုးစားမှုကို ဥသဘာယူနိုက်တက် ဂိုးသမား ကိုကိုအောင် ဤသို့ ကာကွယ်ခဲ့သည်။ (မြန်မာ့အလင်း)

တောတောင်စွယ် ယိုးဒယားကို ကိုယ်တိုင်လုပ် ဝါးပတ္တလားဖြင့် ဤသို့ တီးခတ်ပြသည်။ (မြန်မာ့အလင်း)

# ဧရာဝတီတိုင်းမှ မြန်မာ့ဝါးပတ္တလား

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့သို့ ဆည်မြောင်းရေလှောင်တမံ သတင်းဆောင်းပါးများရေးသားရန် မေလဒုတိယပတ်က မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့ကြသည်။ အနောက်ရိုးမတောင်ခြေမှ အစပြု စီးဆင်းလာသည့် ပရှဉ်းချောင်း၏ ဝဲယာတစ်လျှောက် သဘာဝအတိုင်း အလေ့ကျပေါက်သော ဝါးပိုးဝါးပင်များသည် စီးပွားဖြစ်ထွန်းမှုကြောင့် ဒေသခံတို့ပြုစုစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။ ဝါးပိုးဝါးပင်ရှည်ကို ခုတ်ယူဖောင်ဖွဲ့ရေမျှောကာ ပင်လယ်ငါးဖမ်းရေလုပ်ငန်းများတွင် အသုံးပြုသည်သာမက ဝါးပိုးဝါးကို အဆစ်ဆစ်ပိုင်းဖြတ်ကာ မြန်မာ့တူရိယာပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးပတ္တလား ပြုလုပ်ကြသည်ကိုလည်း မြင်တွေ့လေ့လာခွင့်ရခဲ့သည်။

## မြန်မာ့အနုပညာပစ္စည်း

ပတ္တလားဟုခေါ်သည့် တူရိယာပစ္စည်းကို အရှေ့တောင်အာရှနိုင်ငံများက အများဆုံးပြုလုပ်သုံးစွဲကြသည်။ သံပတ္တလား၊ ကြေးပတ္တလား၊ ဝါးပတ္တလားသုံးမျိုးတွင် ဝါးပိုးဝါးဖြင့် ပြုလုပ်သော မြန်မာတို့၏ ဝါးပတ္တလားက မြန်မာ့အနုပညာပစ္စည်း လက်ရာတစ်မျိုးအနေဖြင့် ကျော်ကြားလှသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

## မှတ်သားဖွယ်ရာ မိုးရေချိန်

၂၈-၅-၂၀၀၉

| | | | | |
|---|---|---|---|---|
| သိမ်ဇရပ် | ၅ | ဒသမ | ၂၇ | လက်မ |
| ညောင်လေးပင် | ၂ | ဒသမ | ၈၀ | လက်မ |
| မော်လမြိုင် | ၂ | ဒသမ | ၇၅ | လက်မ |
| ပေါင် | ၂ | ဒသမ | ၇၅ | လက်မ |
| ကျိုက္ခမီ | ၂ | ဒသမ | ၆၄ | လက်မ |
| သထုံ | ၁ | ဒသမ | ၉၇ | လက်မ |
| မြိတ် | ၁ | ဒသမ | ၆၉ | လက်မ |
| သံတွဲ | ၁ | ဒသမ | ၃၇ | လက်မ |